# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၃၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဈေးကွက်ဝင် မက္ကဒေးမီးယားသီးနှံပင် စိုက်ပျိုးသည့် တောင်သူများ ဝယ်လိုအားကမ်းလှမ်းလာမှုကြောင့် ယခင်ထက် ဝင်ငွေကောင်းပြီး အကျိုးအမြတ် ပိုမိုရရှိလာတော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုနှင့် နိုင်ငံတကာ ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်လာတော့မည့် နှစ်ရှည်ပင်အမျိုးအစားတွင် ပါဝင်သည့် မက္ကဒေးမီးယား (Macadamia) သီးနှံတစ်မျိုးသည် ယခုလက်ရှိတွင်လည်း အိမ်နီးချင်းနိုင်ငံကြီးတစ်ခု၏ ဝယ်လိုအား ကမ်းလှမ်းလာမှုများကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိလာတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

မက္ကဒေးမီးယားသီးနှံသည် အခွံမာသီးနှံတစ်မျိုးဖြစ်ပြီး နှစ်ပေါင်းရာချီသက်တမ်းရှိသော နှစ်ရှည်ပင်တစ်မျိုးဖြစ်ရာ (နှစ် ၆၀ မှ နှစ် ၁၀၀ အထိ) ရှိနိုင်ပြီး ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော အာဟာရဓာတ်မျိုးစုံပါဝင်သည့်အပြင် လူသားအကျိုးပြု မပြည့်ဝဆီပါဝင်မှုသည် အခြားသီးနှံများထက် ပိုမိုသည့်အတွက် ကမ္ဘာ့အကောင်းဆုံး အစေ့အဆန် (Nut) အဖြစ် ကမ္ဘာကျော်သော သီးနှံဖြစ်သည်။

ရှမ်းပြည်နယ် နောင်ချိုဒေသတွင် ဧက ၅၀၀၀ မက္ကဒေးမီးယားစီမံကိန်းရုံးကို ဖွင့်လှစ်ခဲ့ပြီး ထိုမှတစ်ဆင့်မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးသင့်သော နေရာဒေသများသို့ *စာမျက်နှာ ၄ ကော်လံ ၁* ❍



## ဒလ-ရန်ကုန် ခရီးသည်တင်YBS ယာဉ်များ စမ်းသပ်ပြေးဆွဲပေးသဖြင့် ပြည်သူများအဆင်ပြေ




ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားကြီး ဖွင့်လှစ်ပြီးနောက် ဒလမြို့နှင့် ရန်ကုန်မြို့သို့ ခရီးသည်တင်ယာဉ် (YBS) များ စမ်းသပ် ပြေးဆွဲပေးနေသည့်အတွက် ဒလမြို့မှ ရန်ကုန်မြို့သို့ ခရီးသွားလာကြသူများ သွားလာရေး အဆင်ပြေသဖြင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

လတ်တလောတွင် YBS ယာဉ်များအား စမ်းသပ်ပြေးဆွဲမှုအဖြစ် ပြေးဆွဲပေးနေခြင်း *စာမျက်နှာ ၄ ကော်လံ ၅* ❖


**ယနေ့** *ဖတ် စ ရာ*

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ** — ပြည်တွင်းသတင်း | စာ ၃

**ပြည်သူ့အကျိုးပြု ရေအားလျှပ်စစ်စီမံကိန်းများ စတင်ရမည့် ဤအချိန်ခါ...** — ဆောင်းပါး | စာ ၆

**၂၀၂၅ ခုနှစ်အတွင်း ယူအေအီးနိုင်ငံ၏ လေကြောင်းကဏ္ဍ တိုးတက်အားကောင်းလာ** — နိုင်ငံတကာသတင်း | စာ ၁၄

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ

**အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားမည့် ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးမည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရေး နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့နေရန်လိုအပ်**



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း (၃) ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ယခင်ရွေးကောက်ပွဲများနှင့်မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်နိုင်ငံရေးပါတီများ၊ နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပေးနိုင်ရန် ဦးစားပေးအနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ လူဦးရေစာရင်းများအပေါ်အခြေခံ၍ မဲဆန္ဒရှင်စာရင်းပြုစုခဲ့ပြီး မဲဆန္ဒရှင်များလာရောက်ကြည့်ရှု၍ ဖြည့်စွက်ပြင်ဆင်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲမတိုင်မီ သုံးကြိမ်တိုင် ကပ်ထားကြေညာပေးခြင်း၊ မဲစာရင်းများ မှန်ကန်မှုရှိရေး နိုင်ငံရေးပါတီများအား ဖိတ်ခေါ်၍ ပူးပေါင်းစိစစ်ခြင်းများကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

**မဲမသမာမှုမဖြစ်စေရေး အလေးထားဆောင်ရွက်**

မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ ရက်ပေါင်း ၆၀ ခွင့်ပြုပေးခဲ့ပြီး နိုင်ငံရေးပါတီများ၏ တင်ပြချက်အရ ရွေးကောက်ပွဲအပိုင်းလိုက် ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း၊ မဲဆွယ်စည်းရုံးရေး ကာလတစ်လျှောက် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ကြသည့်အတွက်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များကို ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကြီးကြပ်စောင့်ကြည့်ခြင်းများဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲအပိုင်းလိုက် နိုင်ငံရေးပါတီများအား အကြောင်းကြားစာများ ပေးပို့စေခဲ့ပြီး လာရောက်ကြည့်ရှုသည့် ကိုယ်စားလှယ်စာရင်းများကိုပါ တင်ပြစေခဲ့ပါကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှု မဖြစ်စေရေး အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်အထိ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပိုင်း (၃) ပိုင်းလုံးတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပိုင်းလိုက် ထုတ်ပြန်ကြေညာပေးခဲ့ပြီး အနိုင်ရကိုယ်စားလှယ်စာရင်းများအပြင် FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ၊ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တွက်ချက်မှုပုံစံတို့နှင့်အတူ ပါတီအလိုက် ကိုယ်စားလှယ်ရရှိမှု အခြေအနေများကို တစ်ပြိုင်နက် ထုတ်ပြန်ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံတစ်ရုံချင်းစီအလိုက် စာရင်းများကိုပါရယူ၍ ရလဒ်တွက်ချက်ခြင်းများကို ကော်မရှင်အဖွဲ့ခွဲများ နည်းတူဆောင်ရွက်ခဲ့ပြီး စနစ်တကျ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲရလဒ်အသေးစိတ်များကို နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ လေ့လာကြည့်ရှုနိုင်ရန် ပွင့်လင်းမြင်သာစွာ ခင်းကျင်းပြသထားပါကြောင်း၊ မိမိပါတီ၊ မိမိကိုယ်စားလှယ်လောင်းများ နစ်နာမှုရှိသည်ဟုယူဆပါက သတ်မှတ်ကာလအတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း။

**အောင်မြင်သည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြု**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအပိုင်းလိုက် ပိုမိုပြည့်စုံ၍ စနစ်တကျဖြစ်စေရန်၊ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လိုအပ်မှုများ မရှိစေရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ရွေးကောက်ပွဲအပိုင်းအားလုံးကို စောင့်ကြည့်လေ့လာခဲ့ကြပြီး လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲ၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အောင်မြင်သည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပါကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းမီဒီယာများမှ သတင်းမီဒီယာများကလည်း ရွေးကောက်ပွဲတွင် လွတ်လပ်စွာ သတင်းရယူခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ၏ စည်းကမ်းစနစ်တကျဖြင့် အဆင်ပြေစွာ လာရောက်မဲပေးခဲ့မှုများကို ရိုက်ကူးထုတ်လွှင့် ဖော်ပြခဲ့ကြပါကြောင်း။

ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးခြင်းအားဖြင့် ရွေးကောက်တင်မြှောက်ခံရသည့်ပါတီအရေအတွက် မြင့်မားလာပါကြောင်း၊ နိုင်ငံရေးပါတီ ၃၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပါတီ ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၅ ရွေးကောက်ပွဲတို့တွင် နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်လောင်းများသာ ရွေးကောက်ခံခဲ့ရသော်လည်း ယခုရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီ ၅၇ ပါတီအနက် နိုင်ငံရေးပါတီ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၁ ဦးတို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပါကြောင်း၊ ထို့ကြောင့် ယခင်ရွေးကောက်ပွဲများထက် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များ လွှတ်တော်အတွင်း ကိုယ်စားပြုခွင့် ပိုမိုရရှိလာပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အမြဲတမ်းရှင်သန်နေသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေး ဆောင်ရွက်ခြင်း၊ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲအပေါ်တွင် အားသာချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး ဥပဒေ၊ နည်းဥပဒေပြင်ဆင်ရေးအပါအဝင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားမည့် ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးမည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရေး နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့နေရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ရွေးချယ်မခံရသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း လွှတ်တော်ပြင်ပအမျိုးသားနိုင်ငံရေးဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူလူထုအကျိုး၊ မဲဆန္ဒရှင်များ၏အကျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို ရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**လိုအပ်သည်များ ဖြည့်စွက်မှာကြား**

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှတာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၅ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေးနှင့် မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၃**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေးနှင့် မန္တလေးနန်းမြို့ရိုးပြုပြင်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗလငါးတန်နှင့် ပြည့်စုံသည့် ပညာတတ်များ ဖြစ်မြောက်လာစေရေး အလေးထားဆောင်ရွက်နေမှု၊ အခြေခံပညာသင်ယူတတ်မြောက်ရန်အတွက် တစ်ဦးချင်းစီအလိုက်သင်ယူနိုင်သည့် အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး၊ KG မှ Grade-9 အထိ မသင်မနေရ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး ကလေးများ ကျောင်းနေလာအောင် စည်းရုံးဆောင်ရွက်မှု၊ လှုံ့ဆော်မှု၊ အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာဖြေရှင်းနိုင်မှုနှင့် ကူညီပံ့ပိုးမှုများကို အားလုံးပူးပေါင်းဆောင်ရွက်သွားရန်နှင့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ မန္တလေးနန်းမြို့ရိုးနှင့် ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ဆောင်ရွက်သည့် လုပ်ငန်းများအလိုက် ဆောင်ရွက်ကြရသည့် အချိန်ကာလအတွင်းပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်နိုင်ရေး လုပ်ငန်းစီမံချက်များကို လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ ညွှန်ကြားရေးမှူးက မန္တလေးနန်းမြို့ရိုး ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အင်းဝမြို့ဟောင်းရှိ မောင်အိုအုတ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် နေကြာမျိုးများ ကျင်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးခြင်း စံပြကွက် ကြည့်ရှုအားပေး



**ပုသိမ် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စု ကျေးရွာ တောင်သူ ဦးတင်အောင်သန်း၏ နွေစပါးကန်သင်းပေါင်ပေါ်တွင် ဆန်ဖိုလာ နေကြာမျိုးများကို ကျင်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးခြင်း စံပြကွက်၊ Super Sun-41 နေကြာမျိုး၊ ရေဆင်းစပ်မျိုး (၁) နေကြာမျိုးအား ကန်သင်းပေါင်ကျင်း စနစ်ဖြင့် စုစုပေါင်းနေကြာကျင်း ငါးသောင်းကျော် စိုက်ပျိုးထားရှိမှုနှင့် မျိုးစေ့ချကိရိယာစနစ်ဖြင့် စိုက်ပျိုးထားသော နယူး (၁၁) နွေစပါး စိုက်ခင်းဧက ၃၅၀ တို့ကို သွားရောက်ကြည့်ရှု အားပေးသည်။

ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ နေကြာအပင်ကြီးထွားမှုနှုန်း မြင့်မားသည့်အတွက် ဘေးတန်းများ စနစ်တကျကာရံထားရှိရေး၊ စိုက်ခင်းများသို့ ပိုးမွှားများ မကျရောက်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန်နှင့် ရေပေးခြင်း၊ မြေဩဇာကျွေးခြင်း လုပ်ငန်းများအပြင် လေကာပင်၊ အရိပ်ရပင်များကိုလည်း စနစ်တကျ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

တိုးချဲ့စိုက်ပျိုးခဲ့ရာ ယခုအခါတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးဧကများစွာ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

အထူးသဖြင့် ရှမ်းပြည်နယ်တွင်၁၀ဧကနှင့်အထက်စိုက်ပျိုးသူ ၃၄၁ ဦးရှိပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ကောင်းများဖြင့် အသုံးပြု စိုက်ပျိုးလာကြကာ (G.A.P) လက်မှတ်ရရှိပြီးသူ ၆၇ ဦးအထိ ရှိလာသည့်အတွက် အနာဂတ်ကာလအတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရှာဖွေပေးနိုင်သော အဓိကသီးနှံတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည်။

"မက္ကဒေးမီးယား သီးနှံက လူသိနည်းပေမယ့် ဝင်ငွေကောင်းပြီး ကျန်းမာရေးအတွက် အကျိုးပြုတဲ့ အမယ်သစ်သီးနှံအဖြစ် ရေမြေနဲ့ကိုက်ညီတဲ့ ဒေသတွေမှာ တိုးချဲ့စိုက်ပျိုးလာစေဖို့ ဒါကနံပါတ် (၁) ပါ၊ ဒီသီးနှံနဲ့ပတ်သက်ပြီး ဒေသတွင်းရှိ ခြံငယ်ရှင်တွေ စိုက်ပျိုးထုတ်လုပ်မှုနဲ့ နည်းပညာအခက်အခဲတွေရှိရင် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပြီး နည်းပညာဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ကုန်ကြမ်းအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းကနေ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုအပြင် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက် သုံးခုနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

"၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်မှာ ပြည်ပပို့ကုန် တန် ၁၅၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုပမာဏအနေနဲ့ တန် ၅၀ စုစုပေါင်း တန် ၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ အခုဆိုရင် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုအနေနဲ့ ဝယ်လိုအား ပမာဏအများဆုံး ကမ်းလှမ်းထားတာရှိပါတယ်။ ပြီးတော့ မက္ကဒေးမီးယားသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်" ဟု နှစ်ရှည်သီးနှံဌာနခွဲ အောက်ရှိ ရှမ်းပြည်နယ် မက္ကဒေးမီးယားခြံများ တာဝန်ခံပညာရှင် ဦးစီးအရာရှိ ဦးတင်နိုင်ထွန်းက ပြောသည်။

အဆိုပါမက္ကဒေးမီးယားသီးနှံသည် ၂၀၁၆-၂၀၁၇ အတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး စိုက်ဧကမှာ ၁၅၀၀၀ ကျော်အထိ ရှိလာခဲ့ရာ ဧက ၅၀၀၀ ကျော် ရိတ်သိမ်း၍ တန်ချိန် ၁၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။



မက္ကဒေးမီးယား (Macadamia) သီးနှံ၏ မူရင်းဒေသမှာ ဩစတြေးလျ (Australia) နိုင်ငံ (Queensland) ဒေသနှင့် (New-south wales) ကမ်းရိုးတန်းဒေသတို့မှဖြစ်ကြောင်း၊ အဆိုပါသီးနှံကို ကိုင်းဆက်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်းငါးနှစ်ပြည့်လျှင် စီးပွားဖြစ်ခူးဆွတ်နိုင်မည်ဖြစ်ပြီး အစေ့စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်း ခုနစ်နှစ်၊ ရှစ်နှစ်တွင် စီးပွားဖြစ် စတင်ခူးဆွတ်နိုင်မည် ဖြစ်သည်။

မက္ကဒေးမီးယား သီးနှံသည် သက်တမ်းရှည် အကျိုးခံစားခွင့်ရှိသော သီးနှံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးခံစားခွင့် ပိုမိုမြန်ဆန်စေပြီး ပြည်ပဝင်ငွေများ ရရှိနိုင်သော ပြည်ပပို့ကုန်သီးနှံဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံစိုက်ပျိုးထုတ်လုပ်လိုသူ တောင်သူများ အနေဖြင့် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲထံ ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

❖ *ရှေ့ဖုံးမှ*

ဖြစ်ပြီး ဒလမြို့တွင် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ယာယီဂိတ်ထိုးထားကြောင်း သိရသည်။ ယာဉ်စီးခအဖြစ် ငွေကျပ် ၄၀၀၊ ကတ်အသုံးပြုပါက ငွေကျပ် ၃၅၀ ဖြစ်သည်။ ပြေးဆွဲပေးလျက်ရှိသည့် YBS ယာဉ်အမှတ်များသည် YBS ၅၈၊ YBS ၇၂၊ YBS ၁၀၈ တို့ဖြစ်ပြီး YBS ၅၈ ယာဉ်လိုင်းသည် ဒလ-ဗိုလ်တထောင်ဘုရား၊ YBS ၇၂ နှင့် YBS ၁၀၈ ယာဉ်လိုင်းသည် ဒလ-ဆူးလေးလမ်းကြောင်းဖြစ်ကြောင်း သိရသည်။ ယာဉ်ပြေးဆွဲသည့်အချိန်သည် လတ်တလောအားဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိဖြစ်ကြောင်း သိရသည်။

"ခုလောလောဆယ် ဒလ-ရန်ကုန်ကို YBS ပြေးဆွဲပေးလို့ ရန်ကုန်ကို သွားရ ပြန်ရတာ အဆင်ပြေတယ်၊ နောက်အဆင်ပြေမယ်ဆိုရင် စံပြနေတ်ကျေးရွာကနေ ရန်ကုန်ထိ ပြေးဆွဲပေးစေချင်ပါတယ်" ဟု ခရီးသွားတစ်ဦးက ပြောသည်။

**မောင်ယဉ်ဦး**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာပြခန်းများပြပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာ ပြခန်းများပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယမန်နေ့က စတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ဌာနဆိုင်ရာပြခန်းများနှင့် MSME ထုတ်ကုန် အရောင်းဆိုင်များတွင် ကျောင်းသား ကျောင်းသူများ၊ လာရောက်လေ့လာကြည့်ရှုသူ ပြည်သူများဖြင့် စည်ကားခဲ့သည်။

အဆိုပါပြပွဲနှင့် ဖျော်ဖြေပွဲတွင် လာရောက် လေ့လာကြည့်ရှုသူများ၊ ဈေးဝယ်ယူအားပေးမှုများ၊ စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားခဲ့ပြီး ညပိုင်းတွင် အလှဆင်မီးများဖြင့် အမှတ်တရ ဓာတ်ပုံ ရိုက်ခြင်း၊ နိုင်ငံကျော်တေးသံရှင်များနှင့် တိုင်းရင်းသားရိုးရာအက တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

မီးရှူးမီးပန်းများ ပစ်ဖောက်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲကြသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာ ပြခန်းများ ပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ (၁၅)ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**





# စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးများနေ့အထိမ်းအမှတ် မူလတန်းကြိုကျောင်း ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် အကပဒေသာပြိုင်ပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကလေးများနေ့ အထိမ်းအမှတ်၊ မူလတန်းကြိုကျောင်း ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲနှင့် အကပဒေသာပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင် ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်ကလေးငယ်များနှင့် ဆရာမများ တက်ရောက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကလေးများ၏ ယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်းကြို ကလေးငယ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ဆုရရှိသည့် မူလတန်းကြို ကလေးငယ်များအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ လှိုင်သာယာ အမှတ် (၁) မူလတန်းကြိုကျောင်းနှင့် လှိုင်သာယာ အမှတ်(၅) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်း ဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်မည်ဖြစ်၍ ဝင်ရောက် ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင် ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV – HD Channel တွင် ဖေဖော်ဝါရီ ၁၆ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ–

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော် ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့် အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်သူ့အကျိုးပြု ရေအားလျှပ်စစ်စီမံကိန်းများ စတင်ရမည့် ဤအချိန်ခါ...

ရန်ကုန်မြို့ပြ၏ ဆောင်းညနေခင်းတွင် နေ၏ အလင်းရောင်က မှိန်ဖျဖျသာ ရှိတော့သော်လည်း လမ်းမီးများကြောင့် အလင်းရောင်ကောင်းစွာ ရရှိနေသည်။ ညနေခင်း အလင်းရောင်အောက်ဝယ် မြို့ပြနေပြည်သူများသည် အသက်မွေးမှုလုပ်ငန်း တာဝန်များပြီးဆုံး၍ အိမ်အပြန်လမ်းဆီ ဦးတည်နေကြသည်။

ဗညားဦး

> ❖ လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းရသည်၊ နိုင်ငံတွင် တည်ရှိသည့် လျှပ်စစ်ဓာတ်အားရရှိနိုင်သည့် အရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုနိုင်ရန် စီမံရသည်၊ ပြည်သူ့ဘဏ္ဍာ စိုက်ထုတ်သုံးစွဲရမှု အနည်းဆုံးဖြင့် နိုင်ငံနှင့်ပြည်သူ အကျိုးပြုသုံးစွဲနိုင်အောင် ဆောင်ရွက်ရသည်
>
> ❖ ထိုသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ပေါများကြွယ်ဝစွာ တည်ရှိနေသည့် ရေ၊ လေ၊ မြေ၊ နေ ပိုင်ဆိုင်မှုကို မေ့ထား၍မရပါ။ လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့တို့မှ နည်းလမ်းမျိုးစုံဖြင့် ထုတ်လုပ်ကြသည်။ မြန်မာ့ရေအရင်းအမြစ်ကြွယ်ဝမှုသည် ကမ္ဘာ့အဆင့် ၁၄ တွင် တည်ရှိသည်။ သို့သော် ရေသယံဇာတအရင်းအမြစ်များကို နိုင်ငံအတွက် အပြည့်အဝအသုံးချနိုင်ခြင်း မရှိသေးပေ။ ယခုအချိန်အထိ နိုင်ငံအတွင်းရှိ ရေအားအရင်းအမြစ်များအားလုံး၏ တစ်စိတ်တစ်ဒေသကိုသာ အသုံးပြုနိုင်သေးသည့်အတွက် ရေအားအရင်းအမြစ်များကို စနစ်တကျ စူးစမ်းလေ့လာ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝအဆင့်မြင့်မားရေးအတွက် အကျိုးရှိစွာ အသုံးချကြရမည်

တစ်နေ့တာ ကုန်ဆုံးသွားပြီး အလုပ်တာဝန်ပြီးသော်လည်း နောက်တစ်နေ့ အလုပ်ခွင်ဝင်နိုင်ရေးအတွက် အိမ်နေရာဆီ ရောက်သည့်အခါ ချက်ပြုတ်လျှော်ဖွပ် စသည့်ဝေယျာဝစ္စများက ဆောင်ရွက်ရန် ရှိနေသေးသည်။ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်ဟင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ အဝတ်လျှော်စက် စသည်ဖြင့် အမျိုးအစားစုံလင်လှသော လျှပ်စစ်ပစ္စည်းများကို အသုံးပြု၍ ချက်ပြုတ်၊ လျှော်ဖွပ် စသည့် မိသားစုဝေယျာဝစ္စများကို လျင်လျင်မြန်မြန် ပြီးစီးစေရသည်။ သို့မှသာ တစ်နေ့တာအတွက် အနားယူချိန် မြန်မြန်ဆန်ဆန်ရောက်ရှိမည်ဖြစ်သည်။

လျှပ်စစ်ပြတ်တောက်မှု ဖြစ်ပေါ်သည့်အခါ အလုပ်တာဝန်များ၊ မိသားစုဝေယျာဝစ္စများက နှောင့်နှေးသွားပြီး ပြည်သူအများ အထူးသဖြင့် အိမ်ရှင်မများသည် တစ်နေ့တာလည်ပတ်မှုအတွက် ရင်မောကြသည်။ မြို့ပြလူနေမှုစနစ်နှင့် လျှပ်စစ်သုံးစွဲမှုသည် များစွာဆက်နွှယ်နေသည်။ လူဦးရေတိုးပွားမှု၊ လူနေထူထပ်မှု၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်များ တိုးတက်များပြားလာမှုတို့သည် လူနေမှုစနစ်ကို ပြောင်းလဲလာစေပြီး လျှပ်စစ်ဓာတ်အားကို နေ့ညမပြတ် လိုအပ်လာသည်။ လျှပ်စစ်ဓာတ်အားရရှိပြီး မြို့ပြများနှင့် ကျေးလက်ဒေသများအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် လိုအပ်သည်။ ထို့အတူ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ဒေသများ ဓာတ်အားရရှိရေးကို ဦးစားပေး ဖြည့်ဆည်းပေးရန်လည်း လိုအပ်နေသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုက တစ်နိုင်ငံလုံး ရာခိုင်နှုန်းပြည့်လွှမ်းခြုံနိုင်မှုမရှိသေးပါ။

လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းရသည်၊ နိုင်ငံတွင် တည်ရှိသည့် လျှပ်စစ်ဓာတ်အားရရှိနိုင်သည့် အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် စီမံရသည်၊ ပြည်သူ့ဘဏ္ဍာ စိုက်ထုတ်သုံးစွဲရမှု အနည်းဆုံးဖြင့် နိုင်ငံနှင့် ပြည်သူ အကျိုးပြုသုံးစွဲနိုင်အောင် ဆောင်ရွက်ရသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ပေါများကြွယ်ဝစွာ တည်ရှိနေသည့် ရေ၊ လေ၊ မြေ၊ နေ ပိုင်ဆိုင်မှုကို မေ့ထား၍မရပါ။ လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့တို့မှ နည်းလမ်းမျိုးစုံဖြင့် ထုတ်လုပ်ကြသည်။ မြန်မာ့ရေအရင်းအမြစ်ကြွယ်ဝမှုသည် ကမ္ဘာ့အဆင့် ၁၄ တွင် တည်ရှိသည်။ သို့သော် ရေသယံဇာတ အရင်းအမြစ်များကို နိုင်ငံအတွက် အပြည့်အဝအသုံးချနိုင်ခြင်း မရှိသေးပေ။ ယခုအချိန်အထိ နိုင်ငံအတွင်းရှိ ရေအားအရင်းအမြစ်များ အားလုံး၏ တစ်စိတ်တစ်ဒေသကိုသာ အသုံးပြုနိုင်သေးသည့်အတွက် ရေအားအရင်းအမြစ်များကို စနစ်တကျ စူးစမ်းလေ့လာ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝအဆင့်မြင့်မားရေး အတွက် အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်သည်။

သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစွမ်းအင်တို့နှင့် နှိုင်းယှဉ်ပါက ရေသည် အဖိုးအခပေးရန် မလိုသော အရင်းအမြစ်ဖြစ်သည့်အတွက် ရေအားလျှပ်စစ်သည် ထုတ်လုပ်စရိတ် အနိမ့်ဆုံးဖြစ်ပြီး လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်တို့နှင့် နှိုင်းယှဉ်ပါက ရေအားလျှပ်စစ်သည် ပိုမိုတည်ငြိမ်ပြီး ရေသယံဇာတအရင်းအမြစ်ကလည်း ပေါများစွာ တည်ရှိနေသည်။ သို့ဖြစ်ရာ လိုအပ်နေသည့် ဓာတ်အားအတွက် သက်သာသည့် အရင်းအမြစ်က အဆင်သင့်ရှိနေသည့်အတွက် လိုအပ်သလောက် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးကိုသာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံနှင့် ပြည်သူများအတွက် လက်ရှိအကျိုးပြုနေသည့် ရေအားလျှပ်စစ်စီမံကိန်းများရှိသည်။ ဖော်ဆောင်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများလည်းရှိသည်။

သို့ပေငြား ရေအားလျှပ်စစ်စီမံကိန်းများကို သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှု ခေါင်းစဉ်များအောက်တွင် ပျောက်ကွယ်စေရန် ရည်ရွယ်သည့် လှည့်ကွက်များကို ပြည်သူများသတိပြုရန် လိုအပ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များစွာ ထွက်ရှိနိုင်မည့် ချင်းတွင်းမြစ်ပေါ်ရှိ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ပေါ်ရှိ တာဆန်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဧရာဝတီမြစ်ပေါ်ရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းများ ရပ်တန့်နေခဲ့သည့်အတွက် ဓာတ်အားအပြည့်အဝမရသည့် အခြေအနေကို ပြည်သူများကသာ တွေ့ကြုံခံစားကြရသည်။

ဥပမာအားဖြင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် တမံတည်ဆောက်ရေး စီမံကိန်းစတင်ချိန်နီးမှသာ နိုင်ငံရေးအကျပ်အတည်းက ထွက်ပေါ်လာသည်။ စီမံကိန်းရပ်တန့်ခဲ့သည်။ ဖွံ့ဖြိုးမှုမလိုလားသူတစ်စုက နိုင်ငံရေးအကျပ်အတည်းများကို ဖန်တီးကြသည်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ရှေ့တန်းတင်ကြသည်။ သို့သော် အမြဲတစေ ဖန်တီးနိုင်ရန် မစွမ်းဆောင်နိုင်ပါ။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအတွင်းက သွားရောက်ခဲ့သည့် ကချင်ပြည်နယ်ခရီးစဉ်တွင် အဆိုပါ စီမံကိန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနေရာသည် စစ်ကိုင်းပြတ်ရွေ့ကြောမှ ၂၅ ဒသမ ၄ ကီလိုမီတာအကွာတွင် ရှိသည့်အတွက် တမံကြံ့ခိုင်မှုအခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ရည်မျှော်ဖြေရှင်းနိုင်မည့် အခြေအနေကိုသာ ဒေသခံပြည်သူများ၊ဘာသာရေးခေါင်းဆောင်များက စေ့စေ့ငုငု ဆွေးနွေးမေးမြန်းကြခြင်းဖြစ်သည်။ မြစ်ဆုံတမံတည်ဆောက်မှု မူလဒီဇိုင်းအရ ငလျင်ပြင်းအား ၈ မဂ္ဂနီကျူနှင့် ဒဏ်ခံနိုင်ရည်အဆင့် ၉ မဂ္ဂနီကျူကို ခံနိုင်ရည်ရှိအောင် ဒီဇိုင်းထုတ်ထားပြီး စီမံကိန်းကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အဓိကထား၍ ဆောင်ရွက်သွားမည်ဟု ဆိုသည်။ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အဓိကထားသော စီမံကိန်းဖြစ်စေရန် စီမံဆောင်ရွက်သွားမည့် အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးကြသည်။

ယခုမြစ်ဆုံတမံ တည်ဆောက်မည့် နေရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှု ပမာဏထက် ပိုမိုခံနိုင်ရည်ရှိသည့် ဒီဇိုင်းကို ASEAN Charter Professional Engineer (ACPE) အဖွဲ့ဝင်ပညာရှင်များဖြင့် အကြံပြုစိစစ်ပေးသွားမည်ဖြစ်ကြောင်း တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် သိရသည်။ ငလျင်နှင့်ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့မှ အကွာအဝေး ၃၀ ဒသမ ၉ မီတာနေရာရှိ ဇောင်းတူဆည်မှာ မြေသားတမံဖြစ်ပြီး ၆ မဂ္ဂနီကျူခံနိုင်ရည်ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ဖြူးမြို့နယ်အနီး ကွန်းရေလှောင်တမံမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ ၇ ဒသမ ၉ မဂ္ဂနီကျူ ခံနိုင်ရည်ရှိကြောင်း၊ အဆိုပါဆည်တမံနှစ်ခုသည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာတွင် တစ်စုံတစ်ရာ ချွတ်ယွင်းမှုမရှိကြောင်း သိရှိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြစ်ဆုံတမံ၏ အမြင့်နှင့် တပ်ဆင်စက်အင်အားနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာဆွေးနွေးပွဲများစွာ ပြုလုပ်ခဲ့ပြီး တမံအမျိုးအစား Concrete Face Rock Fill Dam(CFRD) ကွန်ကရစ်မျက်နှာ ကျောက်ဖြည့်တမံအမျိုးအစား အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် **မြစ်ကြီးနားမြို့တွင် ရေကြီးရေလျှံမှုကို ကာကွယ်ရန်အတွက် မြစ်ကြမ်းပြင်ထိန်းညှိရေး လုပ်ငန်းများလည်း ဤစီမံကိန်းတွင် ပါဝင်သည်။ ၎င်းသည် မိုးရာသီနှင့် ခြောက်သွေ့ရာသီများတွင် ရေစီးဆင်းမှုပုံစံများကို ထိရောက်စွာ ထိန်းညှိပေးနိုင်ပြီး မြစ်အောက်ပိုင်းတွင် ရေကြောင်းသွားလာမှု အခြေအနေများကို တိုးတက်ကောင်းမွန်စေပါသည်။**

> **“မြစ်ကြီးနားမြို့တွင် ရေကြီးရေလျှံမှုကို ကာကွယ်ရန်အတွက် မြစ်ကြမ်းပြင်ထိန်းညှိရေးလုပ်ငန်းများလည်း ဤစီမံကိန်းတွင် ပါဝင်သည်။ ၎င်းသည် မိုးရာသီနှင့် ခြောက်သွေ့ရာသီများတွင် ရေစီးဆင်းမှုပုံစံများကို ထိရောက်စွာ ထိန်းညှိပေးနိုင်ပြီး မြစ်အောက်ပိုင်းတွင် ရေကြောင်းသွားလာမှု အခြေအနေများကို တိုးတက်ကောင်းမွန်စေပါသည်။ မြစ်ဆုံတမံကို အချိန်မီပြီးစီးခဲ့ပါက ၂၀၂၄ ခုနှစ် မိုးရာသီတွင် မြစ်ကြီးနား၌ဖြစ်ပွားခဲ့သော ကြီးမားသည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဒီလောက်မဖြစ်စေခဲ့ပါ။ ရေအောက်ကြမ်းပြင်မှ ထွက်ရှိလာသည့် နုန်းမြေအနည်အနှစ်များကို ဧရာဝတီမြစ်ဘေး တစ်လျှောက် လုပ်ကိုင်နေကြသည့် တောင်သူများ၏ စိုက်ပျိုးမြေများအတွက် သဘာဝကပေးသော အဆီအနှစ်ပြည့်ဝသည့် မြေဩဇာကိုလည်း အသုံးပြုသွားနိုင်မည်ဖြစ်”**

*စာမျက်နှာ ၇ သို့*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ သာသနာ့ဗိမာန်တော်ကြီး အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး



**စစ်တွေ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးအား အကြီးစား ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆောက်လုပ်ရေး တာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသည်များက လုပ်ငန်းအစီအမံများ၊ ဗိမာန်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဗိမာန်တော်ကြီး အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ ဗိမာန်တော်ကြီး ပထမနှင့် မြေညီထပ်တို့တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME များ ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းဒစ်ဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုကာ မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း Digital Corner မှာ လက်တွေ့ကျကျ ပြသထားတာ ဖြစ်ပါတယ် . . .

**ဒေါက်တာ အောင်ဇေယျ**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို နေပြည်တော် ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Digital Corner ပြခန်း၌ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျအား ပြပွဲဆဋ္ဌမမြောက်နေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြအပ်ပါသည် -

**မေး ။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ Digital Corner ပြခန်းမှာ ပြသထားမှု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ပြခန်းအမှတ် ၃၅ မှာ ပြသထားတဲ့ Digital Corner မှာ နိုင်ငံတော်အကြီးအကဲရဲ့ ယမန်နှစ် လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတွေကို ပြသထားသလို ယခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်က နိုင်ငံတော်အကြီးအကဲ Digital Corner ပြခန်းကို လာရောက်ကြည့်ရှုအားပေးစဉ် လမ်းညွှန်ချက်တွေအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ လမ်းညွှန်ချက်တွေအတိုင်း Agro-based Industries၊ MSMEများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ ပါ သက်ဆိုင်ရာ မဟာဗျူဟာ မဏ္ဍိုင်များအလိုက် မဟာဗျူဟာ ပန်းတိုင်များ ပြည့်မီစေရေး၊ ဒစ်ဂျစ်တယ် နည်းပညာ ဆန်းသစ်တီထွင်မှုများကို အခြေခံသည့် စွန့်ဦးတီထွင်ဂေဟာရပ်ဝန်းတစ်ရပ် ဖြစ်ထွန်းလာစေရေး၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော ပြည်သူ့အခြေပြု ဒစ်ဂျစ်တယ် လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးတို့ကိုအဓိကရည်ရွယ်ပြီး ကျွန်တော်တို့ ပြသထားတာဖြစ်ပါတယ်။

အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME များ ဖွံ့ဖြိုးရေးအတွက် ပြည်တွင်း ဒစ်ဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုကာ မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း ပြကွက် (၁) AgroSight၊ ပြကွက် (၂) AyarFarm နှင့် ပြကွက် (၃) Digital Transformation of MSME တို့မှာ လက်တွေ့ကျကျ ပြသထားတာဖြစ်ပါတယ်။

စက်မှုလုပ်ငန်းခွင်-တက္ကသိုလ်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် MSMEဖွံ့ဖြိုးတိုးတက်ရေး ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုကိုလည်း ပြသထားပြီး ဌာနများ၊ စက်ရုံများ၊ MSME တွေနဲ့ ကျွန်တော်တို့ရဲ့ Polytechnic University ကိုးခု၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ ချိတ်ဆက်မှုနဲ့ နည်းပညာတောင်းခံမှုတွေကို အဆိုပါ ပလက်ဖောင်းမှ Online ကတစ်ဆင့် ဆောင်ရွက်နိုင်ပါတယ်။



ဒေါက်တာ အောင်ဇေယျ
ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ခုခေတ်မှာတော့ Agentic AI ကိုပါ Agro-based Industries နဲ့ MSME တွေမှာ သုံးလာကြပါပြီ။

ကိုယ်ပိုင်ဒစ်ဂျစ်တယ်ပလက်ဖောင်းကိုသုံးခြင်းကပဲ လုပ်ငန်းတွေကို ရေရှည်မှာ ရပ်တည်နိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အမှန်တကယ် ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ သူများ ပလက်ဖောင်းကိုပဲ အလွယ်တကူ သွားသုံးရင် ပြုပြင်ထိန်းသိမ်းခတွေ၊ ဝန်ဆောင်ခတွေ လိုင်စင်ခတွေ ရေရှည်မှာ ထပ်ကုန်မှာဖြစ်ပြီး သူများပလက်ဖောင်းဖြစ်လို့ ခွင့်တောင်းရတာတွေရှိပြီး ကိုယ့်စိတ်ကြိုက် မွမ်းမံပြင်ဆင်မှုတွေအတွက် အခက်အခဲတွေ ဖြစ်လာနိုင်ပြီး ဒေတာပိုင်ဆိုင်မှု၊ ဆိုက်ဘာလုံခြုံမှု၊ ထိန်းချုပ်ကွပ်ကဲနိုင်မှုနဲ့ အကျိုးအမြတ် ခွဲဝေမှုတွေအတွက်လည်း ရေရှည်မှာ အငြင်းပွားမှုတွေ အခက်အခဲတွေ ဖြစ်ပေါ်နိုင်ပါတယ်။

**မေး ။ ။ ပြခန်းနှစ်ခုမှာ လာရောက်မေးမြန်းဆွေးနွေးမှုနဲ့ နည်းပညာတောင်းခံမှုအရေအတွက်များကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ဆဋ္ဌမမြောက်နေ့ မွန်းလွဲပိုင်းအထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းနဲ့ Digital Corner ပြခန်းတို့မှာ နည်းပညာဆိုင်ရာ လာရောက်မေးမြန်းဆွေးနွေးသူ ၁၅၀၀ ခန့်ရှိပါတယ်။

နည်းပညာတောင်းခံမှုအရေအတွက်များမှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် နည်းပညာပေါင်း ၂၇ ခုတို့ကို တောင်းခံထားတာဖြစ်ပြီး မှိုကြာရှည်ခံနည်းပညာ၊ ငှက်သိုက်တာရှည်ခံ နည်းပညာ၊ ချင်းပျားရည်၊ပျားရည်သကြားလုံး၊ ပျားရည်ဂျယ်လီ၊ ပျားရည်ကော်လဂျင်၊ ကြက်သားမှုန့်၊ ဟင်းသီးဟင်းရွက်ဟင်းခတ်မှုန့်၊ ထောပတ်ကွတ်ကီး၊ အသင့်စား ဆန်ပြုတ်နည်းပညာ၊ ကော်မှုန့်၊ ဖျော်ရည်နည်းပညာများ အပါအဝင် စားသောက်ကုန်နည်းပညာတောင်းခံမှု ၂၃ ခု၊ ကမ်းဇော်ဆီနည်းပညာ၊ အနံ့ပျောက်သန့်စင်ဆေးရည်နည်းပညာ၊ ချင်းနက်ဒဏ်ကြေလိမ်းဆေး နည်းပညာအပါအဝင် လူသုံးကုန်နည်းပညာတောင်းခံမှု လေးခု တို့ ဖြစ်ပါတယ်။

ဇီဝနည်းပညာသုတေသနဦးစီးဌာနမှာ Mass Production ဖြင့် ထုတ်လုပ်ရန် ဇီဝထုတ်ကုန်ဆိုင်ရာ နည်းပညာ ခြောက်ခု တောင်းခံထားပြီး ရှားစောင်းမျက်နှာသစ်ဆပ်ပြာ၊ ဝါးရှာလကာရည်ချေးချွတ်မျက်နှာသစ် ဆပ်ပြာ၊ သစ်ခွမျက်နှာသစ်ဆပ်ပြာ၊ သစ်ခွကင်ပွန်းသီးမှုန့်မျက်နှာသစ်ဆပ်ပြာ၊ ဆီးချိုရှိသူများအတွက် အသင့်သောက်မန်ကျည်းဖျော်ရည်နဲ့ ဆီးချိုရှိသူများအတွက် ထန်းလျက်မှုန့် (Capsule) တို့ ဖြစ်ပါတယ်။

နည်းပညာ မြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရဲ့ IoT နည်းပညာသုံး ဆိုလာ EV အားသွင်းစနစ်ကိုပြသထားရာ နည်းပညာတောင်းခံမှု သုံးဦးရှိပါတယ်။

Digital Corner မှာ နည်းပညာ ဆွေးနွေးတောင်းခံမှု၊ သင်တန်းတောင်းခံမှုပေါင်း ၂၀ ရှိပါတယ်။

**မေး ။ ။ ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေကို ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ ယနေ့ခေတ်ဟာ သိပ္ပံခေတ်၊ ဒစ်ဂျစ်တယ်နည်းပညာခေတ်၊ AI ခေတ်ဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ နည်းပညာဆိုင်ရာ အသိပညာဗဟုသုတတွေ သိမြင်ကြွယ်ဝစေအောင် လာရောက်ကြည့်ရှုလေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတွေကို မြှင့်တင်ဆောင်ရွက်နိုင်ဖို့ လိုအပ်နေတဲ့ နည်းပညာတွေကိုသာ တောင်းခံလိုက်ပါ။ ကျွန်တော်တို့ ပြသထားတဲ့ ပြကွက်တွေနဲ့ ကိုက်ညီရင် ဥပဒေ၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ နည်းပညာ လွှဲပြောင်းပေးဖို့ ဆောင်ရွက်ပေးပါ့မယ်။ တကယ်လို့ ပြသထားတဲ့ ပြကွက်တွေနဲ့ မကိုက်ညီရင် သုတေသနဌာနတွေ၊ တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ သုတေသနစီမံကိန်း/လုပ်ငန်းတွေ သုတေသနပြုစမ်းသပ်မှုတွေကို ပူးပေါင်းဆောင်ရွက်ပေးပြီး နည်းပညာ လိုအပ်ချက်တွေနဲ့ ကိုက်ညီရင် ရလဒ်တွေက လိုအပ်တဲ့ အရည်အသွေးပြည့်မီရင် နည်းပညာလွှဲပြောင်းပေးဖို့ ဆက်လက် ဆောင်ရွက်ပါ့မယ်။ ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ လိုအပ်တဲ့ နည်းပညာကို တောင်းခံနိုင်တဲ့ အထူးအခွင့်အရေးကို ဒီပြပွဲကာလအတွင်းမှာ ရရှိနေတာဖြစ်လို့ လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

**သတင်းအဖွဲ့**

*စာမျက်နှာ ၆ မှ*

**မြစ်ဆုံတမံကို အချိန်မီပြီးစီးခဲ့ပါက ၂၀၂၄ ခုနှစ် မိုးရာသီတွင် မြစ်ကြီးနား၌ ဖြစ်ပွားခဲ့သော ကြီးမားသည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဒီလောက်မဖြစ်စေခဲ့ပါ။ ရေအောက်ကြမ်းပြင်မှ ထွက်ရှိလာသည့် နုန်းမြေအနည်အနှစ်များကို ရောဝတီမြစ်ဘေးတစ်လျှောက် လုပ်ကိုင်နေကြသည့် တောင်သူများ၏ စိုက်ပျိုးမြေများအတွက် သဘာဝကပေးသော အဆီအနှစ်ပြည့်ဝသည့် မြေဩဇာကိုလည်း အသုံးပြုသွားနိုင်မည်ဖြစ်သည်။**

သို့ဖြစ်ရာ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ရည်ရွယ်သည့် စီမံကိန်းဖြစ်သည်ကို ယုံကြည်နားလည်ပြီး မိမိနိုင်ငံတွင်ရှိသော အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများရရှိအောင် ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ မည်သည့်အရင်းအမြစ်မှ ထုတ်ယူသည်ဖြစ်စေ အားသာချက်ချည်း ရရှိမည်ဟု မဆိုလိုပါ။ အားနည်းချက်များလည်း ရှိနိုင်ပါသည်။ အားနည်းချက်များကို ကျော်လွှားပြီး အားသာချက်များဖြင့် အောင်မြင်သည့် စီမံကိန်းဖြစ်စေရန်အတွက်မှာ အစိုးရနှင့်ပြည်သူ ပူးပေါင်းဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့် ဤအချိန်သည် ရပ်တန့်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ရှင်သန်အသက်ဝင်ဆောင်ရွက်ပြီး အောင်မြင်အောင် ဆောင်ရွက်ရမည့် အချိန်ကောင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာကြသဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

ပြပွဲသို့ လာရောက်ကြသည့် ပြည်သူများအား သက်ဆိုင်ရာပြခန်းများအလိုက် MSME ထုတ်ကုန်များ အကြောင်းကို ပြခန်းတာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြသည်။

ပြခန်းအလိုက် ပြသထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာ





ဝတ်စုံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာ အစားအသောက်များ ရောင်းချပေးသည့် ဈေးဆိုင်ခန်းများတွင်လည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်ကို တွေ့ရသည်။

ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပ စက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမ ပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၂၀ ကျော် ပြသ ရောင်းချလျက်ရှိသည်။

ယနေ့ပြပွဲ ဆဋ္ဌမနေ့သို့ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူ ၁၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ရင်ပြင်၌ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း / စီးပွားချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/ စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင် တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း/ တင်ပို့မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ/ လက်ကားဆိုင်များဖြစ်သည့် MaKro ၊ City Mart ၊ One Stop Mart ၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ်စသည့် ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။



ပြပွဲ ဆဋ္ဌမမြောက်နေ့ရက်ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ/ လက်ကားငါးဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၃၇ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ကိုးခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၂၅ ဦး၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၁၁ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် စုစုပေါင်း ၄၅၄ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ/ လက်ကား စုစုပေါင်း ၁၂ ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင်စုစုပေါင်း ၃၀၅ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ စုစုပေါင်းဘဏ် ၁၄ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၂၃၄ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ စုစုပေါင်းလုပ်ငန်းရှင် ၈၂ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ ဂန့်ဂေါမြို့အတွင်းရှိ ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာ ရုံးများသို့ ဖေဖော်ဝါရီ ၁၂ ရက်က မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြစဉ်။

မောင်မျိုးမင်း



(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျိုက်မရောမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ၂၀၂၆ ခုနှစ် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးဦး ဖတ်ကြားစဉ်။

ကျိုက်မရော(ပြန်/ဆက်)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။

# ဒီ MSME ပြပွဲမှာ ကိုယ့်ရဲ့ထုတ်ကုန်ပစ္စည်းကို အရည်အသွေးကောင်းကောင်းနဲ့ ဘယ်လိုအမျိုးအစားတွေ ထုတ်လုပ်ရောင်းချတယ်ဆိုတာ အများပြည်သူကို တိုက်ရိုက်ထိတွေ့ ကြော်ငြာခွင့်ရတာမို့ ကိုယ့်ရဲ့လုပ်ငန်းတိုးတက်ဖို့ ကြိုးစားခွင့်ရတဲ့ နေရာကောင်းတစ်ခုပါ ...

ဦးဟိန်းထွဋ်အောင်

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိရာ ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိပြီး ပါဝင်ပြသရောင်းချကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် –



**ဦးကျော်ကျော်နိုင်**
**Managing Director၊ OK Myanmar Co., Ltd.**

ကျွန်တော်တို့နိုင်ငံမှာ ရော်ဘာပစ္စည်းနဲ့ ပတ်သက်ပြီး အဝိုင်းစီးကွင်းလို ပစ္စည်းသေးသေးလေးကစပြီး စက်အကြီးတွေမှာသုံးတဲ့ Rubber Roller အကြီးတွေအထိ နိုင်ငံတကာအဆင့်မီ အရည်အသွေးနဲ့ ထုတ်လုပ်နိုင်ပြီဆိုတာကို ပြည်သူတွေ သိရှိအောင် လာရောက်ပြသတာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် ပါဝင်ပြသတာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် လာရောက်တာဖြစ်ပေမယ့် ကျွန်တော်တို့ကြိုးစားထားတဲ့ ရော်ဘာထုတ်ကုန်တွေအတွက် ဈေးကွက်ချိတ်ဆက်မှုရရှိခဲ့တယ်။ နောက်ပိုင်းမှာ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်။ အခုကတော့ ပြည်တွင်းဈေးကွက်ကိုပဲ အဓိကထား ဖြန့်ဖြူးပေးနေပါတယ်။

ကျွန်တော်တို့ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာ အရည်အသွေးကောင်းကောင်းနဲ့ ထုတ်လုပ်ပြီး ပြည်ပပို့နိုင်ဖို့ ကြိုးစားတဲ့နေရာမှာ လိုအပ်ချက်လေးတွေတော့ ရှိနေပါတယ်။ အဲဒီအတွက် နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုကို မျှော်လင့်ပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ အသုံးများတဲ့ စက်မှုသုံး ကြိုးတွေ၊ ကားတာယာတွေ အများကြီး လိုအပ်ပါတယ်။ ဥပမာ အနေနဲ့ အများသူငှာမြင်သာတဲ့ ပစ္စည်းကိုပြောပြတာပါ။ ဒီပစ္စည်းတွေကို ပြည်တွင်းလုပ်ငန်းရှင်တွေ အနေနဲ့ ကောင်းမွန်စွာ ထုတ်လုပ်နိုင်နေပါပြီ။ စက်ပစ္စည်းတွေနဲ့ စက်ရုံအတွက်နေရာတော့ လိုအပ်ပါတယ်။ အဓိကကတော့ ပြခန်းကို လာရောက်လေ့လာခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဒါတွေ ထုတ်လုပ်နိုင်နေပြီဆိုတာ ပြည်သူတွေ သိရှိလာမယ်။ လုပ်ငန်းရှင်တွေအချင်းချင်း ချိတ်ဆက်နိုင်မယ်။ လုပ်ငန်းတွေပူးပေါင်းပြီး ဆောင်ရွက်လာနိုင်မယ်။ အဲဒီလို အကျိုးကျေးဇူးတွေရှိတဲ့အတွက် ဒီလိုပြပွဲကို အမြဲမပြတ် ကျင်းပပေးစေချင်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း အကျိုးကျေးဇူးများတဲ့အတွက် လာရောက်ပူးပေါင်းပါဝင်ပြသကြဖို့ ဖိတ်ခေါ်ပါတယ်။



**ဒေါ်ဆုယဉ်ထွန်း**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရောဝတီတိုင်းဒေသကြီး ပြခန်း**

ဒီပြပွဲမှာ ကျွန်မတို့ ဌာနကနေ ငှက်ပျောချည်နဲ့ ပတ်သက်တဲ့ ထုတ်ကုန်ကို လာရောက်ပြသတာဖြစ်ပါတယ်။ ငှက်ပျောချည်လုပ်ဖြစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ ရောဝတီတိုင်းဒေသကြီးက ငှက်ပျောပင်တွေ ပေါများတယ်။ မြန်မာနိုင်ငံက တချို့ဒေသတွေမှာ ငှက်ပျောပင်တွေ ပေါများကြတယ်။ အဲဒီလိုပေါများတဲ့ ငှက်ပျောပင်ကနေ အရည်သွေးမြင့်တဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်တယ်ဆိုတာကို ပါဝင်ပြသတာဖြစ်ပါတယ်။ လက်ရှိမှာ ငှက်ပျောချည်နဲ့ လူသုံးကုန်ပစ္စည်းတွေကို စမ်းသပ်ထုတ်လုပ်နေပါတယ်။ ဒီထက်ပိုကောင်းတဲ့ အရည်အသွေးတွေနဲ့ ကောင်းမွန်တဲ့ ထုတ်ကုန် အရည်အသွေးဖြစ်ဖို့အတွက် ကြိုးစားနေပါတယ်။

ငှက်ပျောချည်ကထွက်တဲ့ ထုတ်ကုန်ကို အရည်အသွေးမြှင့်ဖို့ နည်းပညာပိုင်းတော့ လိုအပ်ပါတယ်။ ဒေသခံပြည်သူတွေကိုလည်း သင်တန်းပေးနိုင်ဖို့အတွက် ပြင်ဆင်နေပါတယ်။ အခုကတော့ ရုံးမှာပဲ စမ်းသပ်ထုတ်လုပ်ပြီး ပြသထားတာဖြစ်ပါတယ်။ အခု စမ်းသပ်ထုတ်လုပ်ထားတာကတော့ ပဝါ၊ တီဗီအစွပ်၊ ခုံအစွပ်၊ အိတ်မျိုးစုံ၊ လက်ကိုင်အိတ် စတာတွေအပြင် အဝတ်အစားတွေပါ ထုတ်လုပ်ဖို့အတွက် လက်ရှိစမ်းသပ်ထုတ်လုပ်နေပါတယ်။

ပြပွဲမှာ ငှက်ပျောချည်နဲ့ ပတ်သက်ပြီးတော့ လက်တွေ့ပြသထားတဲ့အတွက် ပြည်သူတွေက စိတ်ဝင်စားကြပါတယ်။ ခင်းကျင်းပြသထားတဲ့ ထုတ်ကုန်တွေကိုလည်း ဝယ်ယူကြပါတယ်။ ငှက်ပျောချည်နဲ့ ပတ်သက်ပြီး ဒီထက်ပိုပြီး ကောင်းမွန်အောင် လုပ်နိုင်ဖို့အတွက် အကြံဉာဏ်တွေ ပေးကြပါတယ်။ ကျွန်မတို့ ရောဝတီတိုင်းကနေထွက်တဲ့ ငှက်ပျောချည်နဲ့ အရည်အသွေးကောင်းတဲ့ ထုတ်ကုန်တွေ အများကြီး ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားမှာပါ။



**ဦးတင်ကို**
**စက်ရုံမှူး၊ Fuxing Brothers Rubber Industrial Co., Ltd.**

စက်ရုံရဲ့ အဓိကရော်ဘာကုန်ကြမ်းကတော့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့က ရယူပါတယ်။ ကချင်၊ ရခိုင်၊ ပဲခူး၊ ရန်ကုန် စတဲ့ ဒေသတွေကနေ ရော်ဘာကုန်ကြမ်း ဝယ်တာလည်း ရှိပါတယ်။ ခွက်ကပ်၊ ဆွဲဖက်၊ ရော်ဘာအထူပြား၊ ရော်ဘာအပါးပြားတွေကို ဝယ်ယူပြီးတော့ MSR –10 ၊ MSR –20၊ MSR–RSS စတဲ့ ထုတ်ကုန်သုံးမျိုးကို တာယာစက်ရုံ ကုန်ကြမ်းအဖြစ် ထုတ်လုပ်ရောင်းချ တင်ပို့လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အရည်အသွေးပိုင်းဆိုင်ရာ ISO အသိအမှတ်ပြုလက်မှတ်လည်း ရရှိထားပါတယ်။ ဒါကို အခြေခံပြီးတော့ ထုတ်ကုန်အရည်အသွေး စံချိန်စံညွှန်းနဲ့အညီ တာယာစက်ရုံတွေရဲ့ အမှာပေါ်မှာမူတည်ပြီးတော့ ထုတ်လုပ်မှုကို အရည်အသွေးမီအောင် ထုတ်လုပ်ပေးထားပါတယ်။ ပြည်တွင်းအတွက်တော့ ရန်ကုန်တာယာက ကျွန်တော်တို့ရဲ့ ကုန်ကြမ်းကို ယူသုံးပါတယ်။

ပြပွဲမှာ ကျွန်တော်တို့ စက်ရုံရဲ့ ထုတ်ကုန်တွေကို ပြသခွင့်ရတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ရော်ဘာနဲ့ ပတ်သက်တဲ့ ထုတ်ကုန်လုပ်ငန်းတွေ၊ သူတို့ရဲ့ ကုန်ကြမ်းလိုအပ်ချက်တွေကို ကျွန်တော်တို့က တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးရာ ရောက်ပါတယ်။ အဓိကကတော့ ဒီပြပွဲကနေ ပြည်တွင်းမှာ ဒီလို ထုတ်လုပ်နေတယ်ဆိုတာကို ပြသခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့စက်ရုံမှာ ထုတ်ကုန်တွေကို အရည်အသွေးမီမီထုတ်လုပ်ပြီး တရုတ်နိုင်ငံက တာယာစက်ရုံတွေကို တင်ပို့နေပါတယ်။ ပြီးခဲ့တဲ့လပိုင်းက နိုင်ငံတော်က ပို့ကုန်မူဝါဒတွေပြောင်းလဲတဲ့အတွက် ကျွန်တော်တို့လို ကုမ္ပဏီတွေအနေနဲ့ပိုပြီး လုပ်ကိုင်နိုင်စွမ်း ရှိလာပါတယ်။ ဒီထက်မက ထုတ်လုပ်နိုင်အောင်လည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။



**ဦးဟန်ရွှေ**
**အေးချမ်းသာစံပြကျေးရွာ၊ တပ်ကုန်းမြို့နယ်**

ကျွန်တော်က တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာကနေ လာရောက်ပြီးတော့ ပစ္စည်းတွေ ဝယ်ယူတာဖြစ်ပါတယ်။ ပြပွဲမှာ ခင်းကျင်းပြသထားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ပြခန်းမှာ ဒေသထုတ်ကုန်ပစ္စည်းတွေ၊ ရိုးရာအဝတ်အစားတွေကို ဝင်ရောက်လေ့လာ ကြည့်ရှုဖြစ်ပါတယ်။ ပြခန်းတွေမှာ ခင်းကျင်းပြသရောင်းချတဲ့ ပစ္စည်းတွေရဲ့ ဈေးနှုန်းက အများကြီး သက်သာပါတယ်။ ကျွန်တော်ကတော့ ပြည်တွင်းထုတ်တာယာလေးလုံး ဝယ်ယူခဲ့ပါတယ်။ ကိုယ့်ပြည်တွင်းထုတ်တာယာတွေ ဈေးနှုန်းလည်း သက်သာပြီး အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ ဒါကြောင့် အရင်ကတည်းက ဝယ်ယူအသုံးပြုတာပါ။



**ဦးဟိန်းထွဋ်အောင်**
**နေပန်း အထည်လက်လီ/လက်ကားဖြန့်ဖြူးရေး**

ကျွန်တော်က နေပြည်တော်အတွင်း မြို့နယ်တွေနဲ့ နယ်ဘက်တွေမှာ ချုပ်ထည်တွေကို လိုက်လံဖြန့်ဖြူးရောင်းချပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ချုပ်လုပ်တာတွေရှိတယ်။ တချို့ကို စက်ရုံတွေဆီကတစ်ဆင့် ဖြန့်ဖြူးရောင်းချတာတွေရှိတယ်။ ဒီပြပွဲမှာ လာရောက်ရောင်းချရခွင့်ရတဲ့အတွက် ကိုယ့်ရဲ့ဆိုင်ကို အများပြည်သူလာရောက်ဝယ်ယူတဲ့အခါ ကိုယ်ရဲ့ဆိုင်နာမည် ပြောခွင့်ရမယ်။ ကိုယ်ရဲ့ထုတ်ကုန်တွေကိုလည်း ကြော်ငြာခွင့်ရမယ်။ ကိုယ့်ပစ္စည်းတွေက အရည်အသွေး ဘယ်လိုရှိတယ်ဆိုတာကို သိရှိသွားကြတဲ့အတွက် အကျိုးအများကြီးရှိပါတယ်။

ကျွန်တော်တို့က ချုပ်ရုံအဖြစ် လုပ်ကိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အခုကတော့ တချို့ထုတ်ကုန်လုပ်ငန်းရှင်တွေနဲ့လက်တွဲပြီး ဖြန့်ဖြူးရောင်းချနေတာဖြစ်ပါတယ်။ ဒီ MSME ပြပွဲမှာ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ လုပ်ငန်းရှင်တွေကိုလည်း ပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီပြပွဲကနေ ကိုယ့်ရဲ့ထုတ်ကုန်တွေက ဘာတွေလဲဆိုတာကို အများပြည်သူသိရှိအောင် ချပြလို့ရမယ်။ ကိုယ့်ရဲ့ ထုတ်ကုန်ပစ္စည်းကို အရည်အသွေးကောင်းကောင်းနဲ့ ဘယ်လိုအမျိုးအစားတွေ ထုတ်လုပ်ရောင်းချတယ်ဆိုတာ အများပြည်သူကို တိုက်ရိုက်ထိတွေ့ ကြော်ငြာခွင့်ရတာမို့ ကိုယ့်ရဲ့လုပ်ငန်းတိုးတက်ဖို့ ကြိုးစားခွင့်ရတဲ့ နေရာကောင်းတစ်ခုပါ။



**ဒေါ်ရီရီဝင်း**
**အောင်ထွန်းဖိနပ်ဆိုင်**

ပြင်ဦးလွင်ကနေ လာရောက်ရောင်းချတာဖြစ်ပါတယ်။ ကျွန်မဆိုင်မှာက ရန်ကုန်နဲ့မန္တလေးက ထုတ်လုပ်တဲ့ ပြည်တွင်းထုတ် ဖိနပ်တွေကိုပဲ မှာယူပြီး ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ ဖိနပ်ဒီဇိုင်းကတော့ အစုံရောင်းပါတယ်။ ဒီ MSME ပြပွဲကြီးမှာတော့ ပထမဆုံးအကြိမ် လာရောက်ရောင်းချခြင်း ဖြစ်ပါတယ်။ ပထမဆုံးဖြစ်ပေမယ့် အများကြီးရောင်းရပါတယ်။ ဒီလိုပြပွဲကြီးမှာ ရောင်းချခွင့်ရတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။



**ဒေါ်မြသန္တာ**
**ရွှေခြသေ့် မုန့်မျိုးစုံရောင်းဝယ်ရေး**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်က လာရောက်ပြီး ရောင်းချတာဖြစ်ပါတယ်။ နေပြည်တော် ဒေသထွက်ထုတ်ကုန်တွေပဲ အဓိကထား ရောင်းချတာဖြစ်ပြီးတော့ ဒေသထွက်ထုတ်ကုန်တွေဖြစ်တဲ့ နေကြာစေ့၊ ကြက်သွန်ပေါင်းကြော်နဲ့ အာလူးကြော် စတာတွေကို စုံစုံလင်လင် ပြသရောင်းချပါတယ်။ ပြပွဲစတဲ့ ရက်ကတည်းက တော်တော်လေး ရောင်းအားကောင်းပြီး ပစ္စည်းတွေ ပြတ်လပ်တဲ့အထိ ရောင်းချခဲ့ရပါတယ်။ ပြပွဲ တစ်ရက်ပြီးတစ်ရက် ရောင်းအား ကောင်းလာတဲ့အတွက် အင်မတန် ဝမ်းသာရပါတယ်။ ဒီပြပွဲမှာ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနိုင်တဲ့ အသေးစား ထုတ်ကုန်ပစ္စည်းတွေ လာရောက်ရောင်းချရတာဖြစ်တဲ့အတွက် ကိုယ့်ပစ္စည်းတွေကို အများပြည်သူ သိရှိသွားတယ်။ ဈေးကွက်လည်း ရရှိလာတယ်။ ဈေးနှုန်းကိုလည်း သက်သက်သာသာနဲ့ ရောင်းချနေတာ ဖြစ်ပါတယ်။

**အောင်ဂျိုင်းကျော်**
**ဓာတ်ပုံ–အောင်မင်းထွန်း**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင် အိမ်ထောင်စုများ မိုးမကျမီ အမိုးအကာဖြင့် ရေ၊ မီးပြည့်စုံစွာနေထိုင်နိုင်ရေး ကွင်းဆင်းစစ်ဆေး



**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် (၉)နာရီခွဲက ယာယီတိမ်းရှောင် အိမ်ထောင်စုများအား မိုးမကျမီ အမိုးအကာဖြင့် ရေ၊ မီးပြည့်စုံစွာနေထိုင်နိုင်ရေး မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ယာယီတိမ်းရှောင်စခန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်ခိန်ရပ်ကွက် နယ်မြေ(၁၁) အင်ဂျန်ဒုံ လော်ဝေါ် သာသနာ့ဝင်းအတွင်း၌ ခိုလှုံနေထိုင်လျက်ရှိသော ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာမှ ယာယီတိမ်းရှောင် အိမ်ထောင်စု(၃၀)နှင့် ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံ၍ စခန်းတာဝန်ခံနှင့် အိမ်ထောင်စုများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တစ်ကိုယ်ရေသုံးပစ္စည်းများ ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မန်ခိန်ရပ်ကွက် နယ်မြေ(၁၁)ရှိ ဗေသလယာယီ တိမ်းရှောင်စခန်းသို့ သွားရောက်၍ စခန်းနေ အိမ်ထောင်စု(၄၅) စုတို့အတွက် နေထိုင်မှုအခြေအနေများကို မေးမြန်းကာ ဝတ်ပြုခန်းမဆောင်နှင့် လူနေဆောင်များ ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် ဝါးနှင့်အခြားလိုအပ်သော ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၆၂ သိန်း ထောက်ပံ့ပေးအပ်ပြီး တိမ်းရှောင်စခန်းသွားလမ်း သဲကျောက်လမ်းခင်းနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန်ခိန်ရပ်ကွက်နယ်မြေ(၁၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်ပိုင်မြေနေရာရှိ စန်းကားယာယီတိမ်းရှောင်စခန်းနှင့် ချီဖွေယာယီတိမ်းရှောင်စခန်း၊ မန်ခိန်နယ်မြေ (၁၃) ဦးရီဆာခြံမြေကွက်ရှိ ယာယီတိမ်းရှောင်စခန်း၊ နယ်မြေ(၁၂) ဦးမော်ရာဟူးခြံ မြေရှိ ယာယီတိမ်းရှောင်စခန်း၊ နယ်မြေ(၆)ရှိ ပထမလီဆူနှစ်ခြင်း အသင်းတော်စခန်းများသို့ သွားရောက်၍ အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံကာ အိမ်ထောင်စုများ၏ လိုအပ်ချက်များကိုမေးမြန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုးချဲ့ဆောင်များ ဆောက်လုပ်နိုင်ရေးနှင့် လူနေဆောင်များပြုပြင်နိုင်ရေးအတွက် ဝါး၊ တာပေါ်လင်တို့ ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ပြီး အခြားလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး ရှေ့မြက်ခင်းပြင်၌ ကျင်းပသည့် မနောတိုင်ပြန်လည်ဖြုတ်သိမ်းနိုင်ရေး ဆုတောင်းဆက်ကပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား မနောပွဲတော်ကြီးကို ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး လိုအပ်သည်များကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင်လည်း ပြည်နယ်နေ့မနောပွဲတော်ကြီးကို ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် သိက္ခာတော်ရဆရာတော် ဦးလဘွေနော်ဘောက်၊ ဘုန်းတော်ကြီး ပေါလ်ဘရန်မိုင်နှင့် ဖာသာ ဒေါက်တာယုံဝါတို့က မနောတိုင်ပြန်လည်ဖြုတ်သိမ်းနိုင်ရေး ကောင်းချီးပေး ဆုတောင်းခြင်းများ ခံယူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉–၃၄၉၀၃၅၅၃၄၊ ၀၉–၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉–၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉–၃၄၉၀၁၅၈၄၇၊ ၀၉–၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈–၂၀၂၄၅၃၀၊ ၀၅၈–၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀–၂၀၂၂၃၆၈၊ ၀၇၀–၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁–၂၀၃၂၀၉၁၊ ၀၇၁–၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉–၂၀၂၄၀၃၇၊ ၀၅၉–၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂–၂၂၀၁၉၃၉၊ ၀၅၂–၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃–၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂–၄၀၂၁၂၄၅၊ ၀၂–၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇–၂၀၂၇၉၃၅၊ ၀၅၇–၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉–၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁–၈၃၀၀၀၁၆၊ ၀၁–၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁–၂၁၂၄၅၄၀၊ ၀၈၁–၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂–၂၀၂၅၉၉၃၊ ၀၄၂–၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

■ *ကျောဖုံးမှ*

အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးသုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသားငါးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီးတစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး သုံးဦး၊ တောင်သာမြို့နယ်မှအမျိုးသားနှစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသားလေးဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသားနှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားလေးဦး၊ အောင်လံမြို့နယ်မှ အမျိုးသားတစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသားတစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားသုံးဦး စုစုပေါင်း အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီးကိုးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၅ လက်၊ RPG တစ်လက်၊ လက်လုပ်သေနတ်နှစ်လက်၊ လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၉ လုံး၊ စကားပြောစက် ငါးလုံး၊ ကျည်အိမ် ၃၅ ခု၊ ကျည် ၉၇၂ တောင့်နှင့် ကျည်ကာအင်္ကျီ လေးထည်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်တစ်လက်နှုန်းအတွက် ဆုကြေးငွေသိန်း ၅၀ နှုန်းဖြင့် ၁၅ လက်အတွက် ငွေကျပ်သိန်း ၇၅၀၊ RPG သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် သေနတ်နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့်ဗုံးသီးမျိုးစုံ တစ်လုံးစီအတွက် ဆုကြေးငွေကျပ်သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၉ လုံးအတွက် ငွေကျပ် ၅၇ သိန်း၊ စကားပြောစက်တစ်လုံးနှုန်းအတွက် ဆုကြေးငွေကျပ်နှစ်သိန်းနှုန်းဖြင့် စကားပြောစက်ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်နှုန်းအတွက်ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းဖြင့် ကျည်ကာအင်္ကျီလေးထည်အတွက် ဆုကြေးငွေကျပ် ရှစ်သိန်းနှင့် လက်နက်မပါသူများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၁၃၃ ဦးအတွက် ဆုကြေးငွေကျပ် ၁၃၃ သိန်း စုစုပေါင်း ငွေကျပ် ၁၀၄၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်၊ ခဲယမ်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ အကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်ရှိရတဲ့အကြောင်းရင်းက ကျွန်တော်အလုပ်လုပ်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေနဲ့ ချိတ်ထားပါတယ်။ သူငယ်ချင်းတွေက အကြမ်းဖက်အဖွဲ့အစည်းထဲသွားမယ် လုပ်ထားပါတယ်။ မသိခဲ့ပါဘူး။ ဟိုရောက်တော့ အကြမ်းဖက်အဖွဲ့အစည်း ဖြစ်နေပါတယ်။ ကျွန်တော့်အိမ်ပြန်ချင်တယ်ပြောတော့ ကျွန်တော့်ကို ပြန်မပို့ပါဘူး။ အရှင်ထွက်မရှိဘူး အသေထွက်ပဲရှိတယ်လို့ ပြောပါတယ်။ နောက်ပြီး ကျွန်တော့်ကိုလည်း ပြေးရင် ပစ်သတ်မယ်၊ မိဘတွေကိုလည်း လိုက်ရှာပြီး သတ်မယ်လို့လည်း ပြောပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်အကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းနဲ့ တပ်မတော်နဲ့ တိုက်ပွဲတွေ ထိတွေ့မှုတွေရှိပါတယ်။ ဆုတ်ခွာရတဲ့နယ်မြေတွေလည်းများပါတယ်။ ကျွန်တော်တို့ကို ဆက်ကြေးတွေကောက်ခိုင်းပါတယ်။ နွားထိုးကြီးမြို့နယ်ဘေးနားက ရွာနီးစပ်ရာ ရွာတွေ အိမ်တွေဆိုရင်လည်း ကောက်ရပါတယ်။ တစ်လကို ငါးသောင်း၊ ခုနစ်သောင်း၊ တစ်သိန်း အဲဒီလို ကောက်ရပါတယ်။ နိုင်ငံခြားမှာ သွားပြီးအလုပ်လုပ်တဲ့ သူတွေကိုလည်း ကောက်ရပါတယ်။ အဲဒါတွေဆိုရင်တစ်လကို ၁၀ သိန်း၊ ၁၂ သိန်း၊ သိန်း ၃၀ ကောက်ရပါတယ်။ အဲလိုမျိုးမပေးဘူး၊ သူတို့တောင်းတဲ့အချိန် မပေးဘူး၊ မကြည်ဖြူတဲ့ ပုံစံတွေလုပ်ရင် အဲဒီလူကို ဒလန်ဆိုပြီး သတ်ပါတယ်။ ပြီးရင် မီးရှို့ဖျက်ဆီးပါတယ်။ ဒလန်ဆိုပြီးသတ်တဲ့နေရာမှာလည်း သတ်တဲ့အဖွဲ့က သတ်သတ်ကို ရှိပါတယ်။ အဲဒါကြောင့် မလို့ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ကျွန်တော်မကြိုက်ပါဘူး။ တပ်မတော်ထံလာရင် သတ်မယ်၊ မိဘတွေကို နှိပ်စက်မယ်၊ ကောင်းကောင်းမနေရဘူး၊ ကောင်းကောင်း မစားရဘူး၊ အဲဒီလိုမျိုးတွေလည်း ပြောပါတယ်။ တကယ်တမ်း မဟုတ်ပါဘူး။ လိုလေသေးမရှိအောင် ထားပါတယ်။ နောက်တစ်ခုက ကိုယ့်ညီအစ်ကို မောင်နှမလို၊ ကိုယ့်တူကိုယ့်သားလိုလည်း စောင့်ရှောက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်လာတော့လည်း သူတို့က နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဒါကတော့ ကျွန်တော် မျက်မြင်ကိုယ်တွေ့ပါ။ တောထဲက ညီအစ်ကိုမောင်နှမတွေ အားလုံးကိုလည်း ကျွန်တော်မှာချင်ပါတယ်။ နီးစပ်ရာစစ်ကြောင်း၊ နီးစပ်ရာ ဌာနဆိုင်ရာ၊ နီးစပ်ရာ အရပ်တွေကိုသွားပြီးတော့ အမြန်ဆုံးချိတ်ဆက်ပြီး အလင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂။ သင်တန်း တက်နေစဉ်ကာလအတွင်းမှာပဲ သင်တန်းဆရာတွေရဲ့ ခွဲခြားဆက်ဆံတာတွေကိုလည်း ခံခဲ့ရပါတယ်။ အဲဒီအထဲမှာလည်း ထွက်ပြေးဖို့တော့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်အရှေ့မှာ ပြေးတဲ့သူတွေကလည်းရှိတယ်။ ဒါပေမယ့် သူတို့လည်း ပြန်မိတယ်။ ပြန်မိတော့



ကြိုးတွေနဲ့တုပ်ပြီး သေလောက်အောင် ရိုက်နှက်တာတွေလည်း ကိုယ်တိုင်မြင်ခဲ့တွေ့ခဲ့ရပါတယ်။ မြင်တွေ့တော့ ငါလည်းပြေးမယ်ဆိုလို့ရှိရင် သူတို့လိုပဲပြန်မိမယ်ဆိုပြီးတော့ သင်တန်းကို ကြိတ်မှိတ်ပြီးတော့ တက်ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာလည်း အဲဒီအကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေကို နှိပ်စက်မှုတွေ၊ မတရားငွေကြေးကောက်ခံမှုတွေ ပြီးတော့ ရရှိလာတဲ့ ငွေကြေးတွေကို ပြည်သူတွေအတွက် ပြန်လည်အသုံးပြုတာမရှိဘဲနဲ့ သူတို့ရဲ့ ကိုယ်ကျိုးအတွက် အသုံးပြုတာတွေကိုလည်းမြင်တွေ့ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်နေတဲ့ အချိန်မှာလည်း ကျွန်မအဲဒီအကြမ်းဖက်အဖွဲ့အစည်းက ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်လည်း မအောင်မြင်ခဲ့ပါဘူး။ အဲဒီကနေတစ်ဆင့် တကောင်းဘက်ကိုပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တကောင်းဘက်မှာလည်း အဲဒီလိုပဲ အကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေအပေါ် နှိပ်စက်မှုတွေ၊ ငွေကြေးကောက်ခံမှုတွေကိုလည်း အရင်နည်းအတိုင်းပဲ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီမှာပဲ ကျွန်မအနေနဲ့အရဲစွန့်ပြီး မန္တလေးဘက်ကိုထွက်ပြေးလာခဲ့ပါတယ်။ လမ်းမှာလည်း ကိုးရက်လောက် အချိန်ကြာမြင့်ခဲ့ပါတယ်။ ခက်ခက်ခဲခဲကျော်ဖြတ်လာပြီးတော့ တပ်မတော်ထံမှာ အလင်းဝင်ခဲ့ပါတယ်။ တပ်မတော်မှာ အလင်းဝင်တဲ့အခါမှာလည်း ကျွန်မတို့ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တကယ့်မိသားစုအရင်းအချာတွေလိုလည်း ဆက်ဆံပါတယ်။ သူတို့ဟိုမှာ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ နေတုန်းကလိုမျိုး သူတို့မှိုင်းသွင်းထားတာတွေ ရှိပါတယ်။ မင်းတို့ တပ်မတော်မှာ အလင်းဝင်မယ်ဆိုလို့ရှိရင် မင်းတို့ကိုသတ်မယ်။ မိန်းကလေးတွေဆိုလို့ရှိရင်လည်း အတင်းအဓမ္မ မုဒိမ်းကျင့်တာတွေရှိမယ်။ မိသားစုတွေကိုလည်း သတ်ဖြတ်တာတွေရှိတယ်ဆိုပြီးတော့ သူတို့မှိုင်းသွင်းထားတာတွေ ရှိပါတယ်။ ဒါပေမယ့် တပ်မတော်ထံမှာ အလင်းဝင်တဲ့အခါမှာ အဲဒီလိုမျိုးတွေမရှိပါဘူး။ ကျွန်မတို့ကို နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံးအမြင်မှန်ရပြီးတော့ တပ်မတော်နဲ့ ပူးပေါင်းဖို့၊ တပ်မတော်ထံ အလင်းဝင်ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

၃။ ကျွန်မသားလေးက လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ပျောက်သွားပါတယ်။ ပျောက်တဲ့



တစ်ရက်ကတော့ လိုက်မရှာခဲ့ပါဘူး။ ဒီလိုပဲအပေါင်းအသင်းတွေနဲ့ သွားတယ်လို့ပဲ မှတ်ခဲ့ပါတယ်။ နောက်နေ့တစ်ရက် သွားရှာကြတော့ အနောက်ဘက်ကလူတွေက ပြောပါတယ်။ ဒီကလေးတွေ အနောက်ဘက် ကူးသွားတယ် ပြောတော့ ကျွန်မတို့လိုက်မသွားရဲတဲ့အတွက် အုပ်ချုပ်ရေးမှူးကို အကြောင်းကြားပါတယ်။ အုပ်ချုပ်ရေးမှူးကနေ အဲဒါဆိုရင် သက်ဆိုင်ရာကိုသွားပြီး သတင်းပေးမယ်ဆိုပြီး ကျွန်မတို့ကိုခေါ်သွားပါတယ်။ ခေါ်သွားတဲ့အတွက် ဆရာတွေကလည်း အဲဒါဆို အစ်မကြီးရဲ့သားလေးက အသက်က ၁၂၊ ၁၃ နှစ်ပဲရှိသေးတာကြောင့် အသက်မပြည့်သေးတဲ့အတွက် အဆက်အသွယ်လုပ်လာရင် ကျွန်တော်တို့ကို အကြောင်းကြားပါဆိုပြီး ကျွန်မတို့ကို အိမ်ကိုပြန်ပြီး အေးအေးဆေးဆေး နေထိုင်ခွင့်ပေးပါတယ်။ လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်မသားလေး ကျွန်မဆီကို ပြန်လာခဲ့ပါတယ်။ သူပြန်လာတော့ ကိုယ့်သားသမီး ကိုယ့်ရင်ခွင်ထဲကို ပြန်လာတဲ့အတွက် *စာမျက်နှာ ၁၂ သို့*

# ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ဘားအံ ဖေဖော်ဝါရီ ၁၃**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ဘားအံမြို့ ဇွဲကပင်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ပြည်နယ်ရဲတပ်ဖွဲ့အသင်းနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ပူးတွဲ တတိယဆုရရှိသော ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအသင်းနှင့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသော ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသည့် ပြည်နယ်ရဲတပ်ဖွဲ့အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငါးသိန်းကျပ်နှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့ပြင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိကွင်း ဒုံးစင်မြင့်၌ကျင်းပရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အက၊ အလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဖျာပုံမြို့၌ ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်တံတားများ တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ကျေးရွာချင်းဆက် တံတား တည်ဆောက်နေမှုကို ယမန်နေ့က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးမြင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတို့ဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အပြောင် - ကျီးနှစ်ပင်လမ်းပေါ်ရှိအပြောင်ချောင်းကူး တံတား တည်ဆောက်နေမှုနှင့် ပဆင-သလိပ်ကြီး-တူးမြောင်း-ဂျိုဝါကြံခင်းလမ်းပေါ်ရှိ သလိပ်ကြီးတံတား မြေထိန်းနံရံ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**မြို့နယ် (ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**တိုက်ကြီး ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက သစ်တောသစ်ပင်များ မပြုန်းတီးစေရေးနှင့် စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်များ ဖြစ်လာစေရေး ရည်ရွယ်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အခြေခံပညာ အထက်တန်းကျောင်း (မြို့မ) ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိုးနိုင်က ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ရာသီဥတုမျှတစေခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများကြောင့် လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူငွေ့အန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ မီးခိုးမြူများကြောင့် လူတို့၏ ကျန်းမာရေးသာမက ပတ်ဝန်းကျင်ကိုလည်း ယိုယွင်းထိခိုက်စေနိုင်ကြောင်းကို အသိပညာပေးဟောပြောသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၁ မှ*

ကျွန်မ ဝမ်းလည်းသာပါတယ်။ ဒါပေမယ့် ကျွန်မတစ်ချက် စဉ်းစားတာက ကျွန်မသားလေးက အမှောင်နယ်မြေက ပြန်လာတဲ့အတွက် သူတို့ပြောသလိုပဲ ရိုက်မယ်၊ နှက်မယ်ထင်ခဲ့ပါတယ်။ တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ စဉ်းစားပြီး မနက်လင်းတော့ ကျွန်မအုပ်ချုပ်ရေးမှူးနဲ့ ရာအိမ်မှူးတို့ကို တိုင်ပင်ပါတယ်။ တိုင်ပင်တော့ ဒါဆိုရင် ဒီကလေးတွေကို တို့သက်ဆိုင်ရာကို ပို့မယ်။ စိတ်ချ ကလေးတွေ ဘာမှမဖြစ်စေရပါဘူးလို့ အုပ်ချုပ်ရေးမှူးကို ကတိပေးပါတယ်။ အဲဒါနဲ့ ကျွန်မတို့ အပ်လိုက်ပါတယ်။ အပ်လိုက်ပြီး ၄၊ ၅ ရက်လောက်ကြာတော့ သူများတွေပြောသလိုပဲ ကျွန်မသားတွေ ခေါ်သွားပြီးတော့ ဒီအချုပ်ထဲမှာပဲထားပြီး ရိုက်မယ် နှက်မယ်မှတ်ပြီး ကျွန်မတို့ စိုးရိမ်ပြီးတော့ အုပ်ချုပ်ရေးမှူးကို ဦးလေး ကျွန်မတို့ ကလေးတွေနဲ့ တွေ့ချင်ပါတယ်လို့ပြောပါတယ်။ ပြောတော့ လိုက်ပို့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ ကလေးတွေဆီ ရောက်သွားတော့ သူတို့ပြောသလို မဟုတ်ဘဲနဲ့ ကလေးတွေကို ဆရာတွေက ကိုယ့်အိမ်လို သဘောထားပြီး နွေးနွေးထွေးထွေးနဲ့ကြိုဆိုပါတယ်။ ဆရာစားသလို ကျွေးပါတယ်။ ကလေးတွေကို မေးပါတယ်။ မေးတော့ သားက "သားကိုဆရာက ရိုက်လားမေးတော့ ကလေးတွေက မရိုက်ပါဘူးလို့" ဖြေပါတယ်။ အဲဒီအတွက် ကျွန်မဝမ်းသာပါတယ်။ သူတို့လေးတွေ လွတ်လွတ်လပ်လပ်နေတာမြင်တော့လည်း ကျွန်မပီတိဖြစ်ပါတယ်။ ဒီအခမ်းအနားပွဲပြီးရင် ကျွန်မသားလေးနဲ့တွေ့ရတော့မယ့်အတွက် ကျွန်မအတိုင်းမသိဝမ်းသာပါတယ်။ ကျွန်မအရင်တုန်းကဆိုရင် ကျွန်မသားလေး သေသလား ရှင်သလားတောင် ကျွန်မ မသိပါဘူး။ အခုကျွန်မသားလေးကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကျွန်မတို့သားအမိတစ်တွေလည်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ခွင့်ပေးတဲ့ ကျွန်မတို့ရွာက အုပ်ချုပ်ရေးမှူးကိုရော ဒီက အရာရှိ/ အရာခံ/ ဗိုလ်ကြီးတွေကိုလည်း ကျွန်မအထူးကျေးဇူးတင်ရှိပါတယ်။

**သတင်းစဉ်**

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်း စေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များ ဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပိတ်ရက်ရှည်များတွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပြည်တွင်းခရီးသွားများဖြင့် စည်ကား

ညောင်ဦး ဖေဖော်ဝါရီ ၁၃

**ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်များကြောင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ရွှေစည်းခုံဘုရားဘဏ္ဍာတော်ထိန်းဂေါပက တာဝန်ရှိသူများထံမှ သိရသည်။**



ပိတ်ရက်များအတွင်း မြန်မာပြည် အရပ်ရပ်မှ လေ့လာရေးဘုရားဖူး လာရောက်သူများသည် သမိုင်းဝင်စေတီ ပုထိုးများဖြစ်သည့် ပုဂံ - ညောင်ဦး ဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ မဟာ ငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလို ဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂ ဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူး ဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားမှောင်း ဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင် ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာ မဏိဘုရားများတွင် ကားရပ်နားသည့် နေရာများပြည့်လျှံသည်အထိ လာရောက် လည်ပတ်သည့် ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည် များပြားလျက် ရှိကြောင်း သိရသည်။

ပွဲတော်အချိန်အခါ မဟုတ်သည့် (အခါကြီးရက်ကြီး) အချိန်မှာပင် ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သည် ပြည်တွင်းပြည်ပခရီးသွား အဆက် မပြတ်သည့်ဒေသဖြစ်ကာ သီတင်းကျွတ်၊ တန်ဆောင်တိုင်နှင့် ဒီဇင်ဘာပိတ်ရက်များ တွင်လည်း လာရောက်သူများပြားသည်။ ပုဂံဒေသ၌ အလွန်ရှေးကျပြီး ပကတိ အတိုင်း ရှိနေသေးသည့်ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ယနေ့ တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံ များနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုး ထိုးမလွဲ တစ်နေရာနှင့်တစ်နေရာ မဝေး ကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရား ပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်း ပြည်ပခရီးသွားများကို အလွန်ပင် ဆွဲဆောင် လှကြောင်း၊ ပုဂံကို ဘယ်နှခေါက်ရောက် ရောက် ထပ်ကာထပ်ကာ လာချင်စိတ်ဖြစ် စေကြောင်း ရန်ကုန်မြို့မှအဖွဲ့လိုက်ဘုရားဖူး လာရောက်သည့် မစန္ဒာလှိုင်က ပြောကြား ပြီး ဘုရားဖူးများ၊ ပြည်တွင်း ပြည်ပ ခရီးသွားများ အမြဲတမ်းမပြတ် ရှိနေခြင်းက ပုဂံ - ညောင်ဦး ရှေးဟောင်း နယ်မြေအား တန်ဖိုးထားသဖြင့် အကြိမ်ကြိမ် လာရောက်ကြကြောင်း မြင်းခြံမြို့မှ ပုဂံဘုရားဖူးလာရောက်သည့် ဦးဇေယျာအောင်က ပြောကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ လေ့လာရေးဘုရားဖူးခရီးသွားများသည် ဖေဖော်ဝါရီ ၁၂ ရက်မှစတင်ပြီး နေ့စဉ် တစ်သိန်းကျော် ဝင်ရောက်လျက်ရှိကာ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ တွင် တည်းခိုသူများဖြင့် ပြည့်နေသည်။ ထို့အပြင် စားသောက်ဆိုင်များ၊ ပြည်တွင်း ဧည့်ကား အငှားလိုက်သူများ၊ မြင်းလှည်း အငှားလိုက်သူများ၊ မီနီအိုးဝေ အငှား ထောင်ထားသူများ၊ ပြည်တွင်းဧည့်လမ်း ညွှန်များ၊ ဒေသထွက်ပစ္စည်းရောင်းချ သည့်ဆိုင်များ နေ့စဉ် ရောင်းဝယ် ဖောက်ကားမှုများဖြင့် အဆင်ပြေလျက် ရှိကြောင်း သိရသည်။ **ဒီပါလင်း**

## ဒေးဒရဲမြို့၌ ကျေးရွာချင်းဆက်လမ်းများ ခင်းကျင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် ကျေးရွာချင်းဆက် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့က



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးမြင့်နှင့်တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရေး အတွက် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံ ငွေ၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဆင-မရမ်းဝ-မှော်အိုင်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မရမ်းဝ- ရောကြီးလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား မှာကြားခဲ့ ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ရွှေဘိုခရိုင် / မြို့နယ်မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုနှင့်အတူ သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်စက်ကိရိယာများ အသုံးပြုနည်းများကို ဖေဖော်ဝါရီ ၁၃ ရက်က ရွှေဘိုမြို့ သူနာပြု သင်တန်းကျောင်း၌ လက်တွေ့သရုပ်ပြသစဉ်။

ခရိုင်(ပြန်/ဆက်)

## တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်း (အထွေထွေရောဂါကု၊ အထူးကု၊ ဆေးရုံ) များ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

"တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်" အား တိရစ္ဆာန်ကျန်းမာရေး နှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အတည်ပြုထုတ်ပြန်ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီ နယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှုလုပ်ငန်းများအတွက် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက် ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် အသစ်လျှောက်ထားခြင်းနှင့် သက်တမ်း တိုးလျှောက်ထားခြင်းများအား လုပ်ငန်းစိစစ်ရေးအဖွဲ့မှ စိစစ်ပြီး ဗဟို ကြီးကြပ်မှုကော်မတီမှ အတည်ပြု၍ ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင် သောလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြု လက်မှတ်ရရှိရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက် အထားများ ပူးတွဲ လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ၆ လအတွင်း ရိုက်ကူးထားသော (၂လက်မ x လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ)၊

(ခ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့် အဆောက်အအုံနှင့် မြေနေရာ အခင်းအကျင်း အတိုင်းအတာ၊ အကျယ်အဝန်း၊

(ဂ) အဆောက်အအုံရှေ့၊ နံဘေးနှင့် အတွင်းခန်းအားလုံး၏ ရောင်စုံဓာတ်ပုံ၊

(ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေး အချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက် အထား၊

(င) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊

(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက လုပ်ငန်းအမျိုးအစား အလိုက် တောင်းခံသည့် အခြားစာရွက်စာတမ်းအထောက် အထားများ၊

(ဆ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ကတိဝန်ခံချက်။

နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ် အတွင်းရှိ ခွင့်ပြုလက်မှတ်မရှိဘဲ တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ (၁၅-၂-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားကြပါရန်နှင့် ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်ထားသည်ကို စစ်ဆေး တွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ အပိုဒ် (ခ) အရ တရားစွဲဆို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်သည်။ **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# ၂၀၂၅ ခုနှစ်အတွင်း ယူအေအီးနိုင်ငံ၏ လေကြောင်းကဏ္ဍ တိုးတက်အားကောင်းလာ

**အဘူဒါဘီ ဖေဖော်ဝါရီ ၁၃**

၂၀၂၅ ခုနှစ်အတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံ၏ လေကြောင်းကဏ္ဍတွင် ခိုင်မာသည့် တိုးတက်မှုများ စံချိန်တင်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၃ ရက်တွင် အင်းမရိတ်သတင်းအေဂျင်စီက ဖော်ပြသည့်အချက်အလက်များအရ သိရသည်။

လေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းအတွက် ဒေသတွင်း ဦးဆောင်ဗဟိုဌာနအဖြစ် အားဖြည့်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်အရေအတွက်သည် ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ၉၅ ဒသမ ၂ သန်း လာရောက်ခဲ့ရာ လေဆိပ်သမိုင်းတွင် အလုပ်အများဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့သည်။

အဆိုပါလေဆိပ်သည် ခရီးသွားလမ်းကြောင်းပေါင်း ၂၈၀ ခုနှင့်ချိတ်ဆက်ထားပြီး အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၁၀၈ ခုက ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု အင်းမရိတ် သတင်းအေဂျင်စီက ဖော်ပြထားသည်။ မြို့တော်ရှိ ဇာယိဒ်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၂၅ ခုနှစ်အတွင်း ခရီးသွား ၈ ဒသမ ၅၉ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် လုံခြုံစိတ်ချရမှု၊ လေဆိပ်လည်ပတ်ရာတွင် ထူးချွန်မှုနှင့် ရေရှည်တည်တံ့မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ၏ အသိအမှတ်ပြုမှုများကို ရရှိခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ လေကြောင်းနှင့် ခရီးသွားလာရေးတို့တွင် ယူအေအီး၏ လွှမ်းမိုးနိုင်မှု ကြီးမားလာခြင်းကို မီးမောင်းထိုးပြလျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။




ဆင်ဟွာ၊ဓာတ်ပုံ-Emirates

# SoftBank အုပ်စု၏ OpenAI ရှယ်ယာတန်ဖိုး မြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၁၃**

ဂျပန်နည်းပညာနှင့် ဆက်သွယ်ရေးလုပ်ငန်းကြီး SoftBank အုပ်စုက OpenAI တွင် ပိုင်ဆိုင်သည့် ၎င်း၏ ရှယ်ယာတန်ဖိုးမြင့်တက်လာခြင်းကြောင့် ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလတာကာလအတွက် အသားတင်အမြတ်ငွေ စံချိန်တင်ရရှိခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။




SoftBank အုပ်စု၏ အသားတင်ဝင်ငွေသည် ၂၀၂၄ ခုနှစ်ထက် ၅ ဆခန့် မြင့်တက်လာပြီး ယန်း ၃ ဒသမ ၁၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံ) အထိ ရောက်ရှိခဲ့သည်ဟု SoftBank အုပ်စုက ပြောကြားလိုက်သည်။

SoftBank အုပ်စုသည် ဆင့်ပွားဖန်တီးနိုင်စွမ်းရှိသည့် ဉာဏ်ရည်တုစနစ်ဖြစ်သော ChatGPT ၏ တီထွင်သူနှင့် စီမံသူ OpenAI ၏ ရှယ်ယာ ၁၁ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားပြီး ယင်းကုမ္ပဏီမှာ အမေရိကန်ဒေါ်လာ စုစုပေါင်း ၃၄ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကယ်ရိုလိုင်းနားတက္ကသိုလ်၌ သေနတ်ပစ်ခတ်မှု သေဆုံးသူ နှစ်ဦးရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက တောင်ကယ်ရိုလိုင်းနားပြည်နယ် တက္ကသိုလ်၌ ပစ်ခတ်မှုတွင် လူနှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။

သေနတ်ပစ်ခတ်မှု သတင်းရရှိပြီးနောက် ဒေသစံတော်ချိန် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ကျောင်းကို နာရီများစွာကြာသည်အထိ အဝင်အထွက်များ ခွင့်မပြုဘဲ ပိတ်ထားခဲ့သည်။

သေဆုံးသူများ၏ အမည်နှင့် ဒဏ်ရာရရှိသူ၏ အခြေအနေကို အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ဖေဖော်ဝါရီ ၁၂ ရက် ညတွင် ကျောင်း၏ထုတ်ပြန်သည့် သတင်းအရ သိရသည်။

ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် အဆိုပါတက္ကသိုလ်သည် ဖေဖော်ဝါရီ ၁၃ ရက်တွင် သင်ကြားမှုများကို ဖျက်သိမ်းခဲ့သည်။ အာဏာပိုင်များသည် သံသယရှိသူ သို့မဟုတ် သံသယရှိသူများ မည်သည့်နေရာတွင် ရှိနေသည်ဆိုသည်ကို သတင်းအချက်အလက် ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ယခုနှစ်အတွင်း အီရန်နှင့်ပါကစ္စတန်နိုင်ငံတို့မှ အာဖဂန်နေရပ်ပြန် ၁၅၀၀၀၀ ရှိသည်ဟု UNHCR ပြော

**ကဘူးလ် ဖေဖော်ဝါရီ ၁၃**

ယခုနှစ်အတွင်း အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ အာဖဂန် ၁၅၀၀၀၀ ခန့် နေရပ်ပြန်လာခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ အာဖဂန်နေရပ်ပြန်လာသူ စုစုပေါင်းအရေအတွက်မှာ ၅ ဒသမ ၄ သန်းခန့်အထိ ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။



ဓာတ်ပုံ-UNHCR

ယခုနှစ်အတွင်း နေရပ်ပြန်လာသူများသည် အလွန်အေးသည့် ရာသီဥတုနှင့် နှင်းထူထပ်စွာကျရောက်သဖြင့် ယခုအခါ ကြမ်းတမ်းသည့် ဆောင်းရာသီမှာ အာဖဂန်နစ္စတန်နိုင်ငံ နေရာအများအပြားတွင်ဖြစ်ပေါ်နေသောကြောင့် ယခုနှစ် ပြန်လာခြင်းမှာ အလွန်စိုးရိမ်ဖွယ် ဖြစ်ကြောင်း အေဂျင်စီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အေဂျင်စီသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း နေရာပြောင်းရွှေ့သူများနှင့် နေရပ်ပြန်လာသူများကို ပံ့ပိုးရန် ၂၀၂၆ ခုနှစ်အတွက် ငွေကြေး အမေရိကန်ဒေါ်လာ ၂၁၆ သန်း လိုအပ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆောင်းမုန်တိုင်းကြောင့် ကနေဒါနိုင်ငံ အရှေ့ပိုင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခု၌ ခရီးသည်တင်လေယာဉ် လမ်းချော်မှုဖြစ်ပွား

**အော့တဝါ ဖေဖော်ဝါရီ ၁၃**

ကနေဒါနိုင်ငံအရှေ့ပိုင်းရှိ ဟာလစ်ဖက်စတန်းဖီး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပေါ်တာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ပြင်းထန်သည့် ဆောင်းမုန်တိုင်းတိုက်ခတ်နေသည့် ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းတွင် ပြေးလမ်းချော်မှုဖြစ်ပွားခဲ့သည်ဟု ပြည်တွင်းမီဒီယာ၌ ဖေဖော်ဝါရီ ၁၂ ရက်က ဖော်ပြထားသည်။

စီတီဗွီနယူးစ်၏ဖော်ပြချက်အရ တိုရွန်တိုလေဆိပ်မှ ထွက်ခွာလာသည့် အဆိုပါလေယာဉ်သည် ည ၈ နာရီ ၂၁ မိနစ်တွင် ဟာလစ်ဖက်စတန်းဖီးလေဆိပ်သို့ ဆင်းသက်နိုင်ခဲ့သော်လည်း ပြေးလမ်းပေါ်မှ တစ်ဆင့် လမ်းချော်ကာ နှင်းများကြားတွင် ရပ်တန့်သွားခဲ့သည်ဟု သိရသည်။

လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၅၉ ဦးနှင့် လေယာဉ်အမှုထမ်းငါးဦးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း ဖော်ပြထားသည်။ ရာသီဥတုအခြေအနေကြောင့် ယခုလို လမ်းချော်ရခြင်းဖြစ်ကြောင်း ပေါ်တာလေကြောင်းလိုင်းက အတည်ပြုပြောကြားခဲ့သည်။

မတော်တဆမှုဖြစ်ပွားခဲ့သည့် ပြေးလမ်းကို ယာယီပိတ်ထားသည်။ လေဆိပ်ရှိ အခြားသောပြေးလမ်းများ ဆက်လက်ဖွင့်လှစ်ထားသော်လည်း ဆောင်းရာသီမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ် နှောင့်နှေးမှုများနှင့် ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် တောဆင်ရိုင်းတစ်အုပ် ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူခြောက်ဦးခန့် သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၁၃**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဂျာခန်းပြည်နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်က တောဆင်ရိုင်း တစ်အုပ်သည် မိသားစုဝင်လေးဦး အပါအဝင် အနည်းဆုံး လူခြောက်ဦးကို နင်းသတ်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုသည် ဂျာခန်းပြည်နယ်မြို့တော် ရမ်ချီမြောက်ဘက် ကီလိုမီတာ ၉၀ အကွာ ဟာဇာရီဘတ်ခရိုင်ရှိ ရွာတစ်ရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အနီးနားတောအုပ်မှ ဆင်အုပ်စုသည် ရွာထဲသို့ လမ်းလွဲဝင်ရောက်သွားပြီး ရွာသားများအိပ်နေသည့် နေအိမ်များကို ဖျက်ဆီးခဲ့သည်ဟု ရဲအရာရှိတစ်ဦးက ပြောသည်။

ဆင်များသည် အိမ်နံရံများကို ရိုက်ချိုးပြီး တံခါးများကို နှာမောင်းများဖြင့် ဆွဲဖြုတ်လိုက်သောကြောင့် အဆောက်အအုံအတွင်း၌ ဒေသခံများ ပိတ်မိခဲ့ပြီး ထိုလူများကို နင်းမိခဲ့ကြောင်း ဒေသခံများက ပြောသည်။

မြို့ပြချဲ့ထွင်ခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် သစ်တောများအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ကြောင့် သစ်တောများအတွင်းတည်ရှိသည့် ကြားခံဇုန်များ ပျောက်ကွယ်သွားခြင်းသည် တောရိုင်းတိရစ္ဆာန်များကို လူများနေထိုင်ရာဒေသများသို့ တွန်းပို့သည့် အကြောင်းရင်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု တောရိုင်းတိရစ္ဆာန်ကျွမ်းကျင်သူများက ပြောသည်။

**ဆင်ဟွာ**



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဖေဖော်ဝါရီ ၁၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဘားအံမြို့နယ် စံဖရီးရွာ အဝင်လမ်းမအနီး၌ တရားမဝင်မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၆၇၀၀၀၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Vigo နှစ်စီး၊ Toyota Revo တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀) ကို လည်းကောင်း၊ ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်၌ တရားမဝင်မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၄၈၀၀၀၀) ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Honda Insight တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၁၀၄၈၀၀) ကို လည်းကောင်း၊ ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန် ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၂၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် Toyota Hiace တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၇၃၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်တွင် ငဖဲမြို့နယ် ပဒါန်းကျေးရွာအနီး၌ တရားမဝင်မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းဘူး(စကု)မြို့နယ် ကျွန်းပြာကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၃၀၀)ကို မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၃၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်၊ ၈ ရက်နှင့် ၁၀ ရက်တို့တွင် ဥသျှစ်ပင်မြို့နယ် ရတနာပုံရပ်ကွက်၌ တရားမဝင်မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀) ကို လည်းကောင်း၊ မိုးညိုမြို့နယ် နှမ်းကုန်းကျေးရွာ၌ တရားမဝင်မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)ကို လည်းကောင်း၊ သုံးဆယ်မြို့နယ် အရှေ့သပြေကုန်းရပ်ကွက်၌ တရားမဝင်မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀) ကိုလည်းကောင်း၊ မင်းလှမြို့နယ် အမှတ်(၅)ရပ်ကွက်၌ တရားမဝင် မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပဲခူးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၇ ဒသမ ၈၂၉၂ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၇၉၀၀၈) ကိုလည်းကောင်း၊ တောင်ငူမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၅၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၄၄၈) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၉၄၅၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပျော်ဘွယ်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၆ ဒသမ ၃၈၉၂ တန်နှင့် တရားမဝင်သစ်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၈၉၂၀၀)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ သုံးဘီးယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၀၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၁၈၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၇၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဘီးလင်းမြို့နယ် ဘိုးလှကြီးရပ်ကွက်အတွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို လည်းကောင်း၊ မုဒုံမြို့နယ် ကွမ်တာကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၀၀၀၀)ကို လည်းကောင်း၊ လျှပ်စစ်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၀၇၀၀၀) ကို လည်းကောင်း၊ လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၈၄၅၀၀၀) ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mazda Titan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)၊ Toyota Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၁၈၀၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်၊ ၆ ရက်၊ ၇ ရက်တို့တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အနော်ရထာလမ်းမအနီး၌ တရားမဝင် မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် သမကုန်းမီးပွိုင့်အနီး၌ တရားမဝင်မော်တော်ယာဉ် Toyota Crown တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို လည်းကောင်း၊ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်၌ တရားမဝင်မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ လှည်းကူးမြို့နယ် စံပြကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၇၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၂၄၀) ကို လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်ကမ်းစပ်အနီး၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၇၈၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၆၈၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၅၃၉၂၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် လေးဦး၏ ခရီးဆောင်အိတ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်း ၃၂ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၂၅၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်၊ ၂၉ ရက်၊ ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက် ၃ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ(၃၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၉၈၈၁၇၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ခင်းကျင်းပြသထားသည်များ ပြည်သူများလာရောက်လေ့လာနိုင်

**ပုဂံ ဖေဖော်ဝါရီ ၁၃**

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၀၄ ခုနှစ်တွင် ပုဂံမြို့ဟောင်း အာနန္ဒာဘုရား၏ မြောက်ဘက် စောင်းတန်းအနီးတွင် စတင်ဖွင့်လှစ်ခဲ့ပြီး



မြန်မာနိုင်ငံ၏ပထမဆုံးသော ပြတိုက်ဖြစ်ကြောင်းသိရသည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ကန်တော့ပလ္လင်ဘုရားတောင်ဘက်၌ ရှစ်မြောင့်ပုံသဏ္ဌာန်ရှိသော ရှေးဟောင်းသုတေသနပြတိုက်ကို ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယခုလက်ရှိ ကမ္ဘာ့အဆင့်မီ ရှေးဟောင်းသုတေသနပြတိုက်ကြီးကို ၁၉၉၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ပြသနိုင်ခဲ့သည်။ ပြတိုက်ကြီးတွင် အထူးပင်မပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှု အနုပညာပြခန်း၊ ပုဂံခေတ်နန်းမြို့ပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်းနှင့် ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း စသည့်ပြခန်း ၁၀ ခန်းဖြင့် ခင်းကျင်းပြသထားသည်။ ၂၀၁၇ ခုနှစ်တွင် ကလေးများပြတိုက်ကို ပြတိုက်ကြီး၏မြောက်ဘက်ရှိ ရှစ်မြောင့် ပုံသဏ္ဌာန်အဆောက်အအုံ၌ ခင်းကျင်းပြသထားခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

## နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများ၌ မြန်မာနိုင်ငံကလေးများနေ့ လှုပ်ရှားမှုပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ဦးဆောင်၍ မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်းများ၌ ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ်ရှိ သီရိရတနာ မူလတန်းကြိုကျောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ ရင်သွေးရတနာ မူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၊ နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းနှင့် အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ ဥတ္တရသီရိမူလတန်းကြိုကျောင်း၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိ မူလတန်းကြိုကျောင်းနှင့် ပျဉ်းမနားမြို့နယ်ရှိ ပျဉ်းမနား မူလတန်းကြိုကျောင်းရှိ ကလေးငယ်များအား မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ ကလေးများနေ့ သီချင်းသီဆိုခြင်း၊ ပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်ခြင်း၊ ကလေးငယ်များအား အာဟာရဖြည့်စွက်စာ ကျွေးမွေးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

## ငွေဆောင်မြို့၌ မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ငွေဆောင် ဖေဖော်ဝါရီ ၁၃**

ငွေဆောင်မြို့တွင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ



၁၂ ရက်က ငွေဆောင်မြို့ သဇင်ကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ အထက( ခွဲ) သဇင် ကျောင်းသူလေးများက ပန်းဖွားအကဖြင့် ကပြဖျော်ဖြေခဲ့သည်။ ထို့နောက် အားကစားသမားများက ကွင်းအတွင်း နေရာယူကာ အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်အား ရွတ်ဆိုပြီး မြို့အုပ်ချုပ်ရေးမှူး( ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ) ဦးဝင်းမင်းကိုနှင့် တာဝန်ရှိသူများအား ချီတက်အလေးပြုခဲ့ကြသည်။

ထို့နောက် သဇင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်ပွဲစဉ်အဖြစ် ဌာနဆိုင်ရာ အသင်းနှင့် သဇင်(က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ **ကျော်လင်းဦး(ပြန်/ဆက်)**

## နောင်မွန်းမြို့နယ်၌ အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**နောင်မွန်း ဖေဖော်ဝါရီ ၁၃**

နောင်မွန်းမြို့နယ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးတင်ဦးက အမှာစကားပြောကြားပြီး ဒိုင်ချုပ်ဦးကျော်စွာမျိုးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**



## ရေနံချောင်းမြို့နယ်၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၃**

ရေနံချောင်းမြို့နယ်၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် နိဗ္ဗာန်



ဈေးပွဲတော်ကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ရေနံချောင်း မူလတန်းကြိုကျောင်း၌ ကျင်းပရာ ရေနံချောင်းမူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ပပအုန်းနှင့် ဆရာမများက ဦးဆောင်ကာ သားငယ်သမီးငယ်လေးများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေပြီး ကလေးများနေ့ကဗျာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် ကဗျာများ၊ (၃၈)ဖြာမင်္ဂလာတရားကဗျာများကို ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် သားငယ်သမီးငယ်လေးများက မိုးပျံပူဖောင်းများလွှတ်တင်ကာ နိဗ္ဗာန်ဈေးပွဲတော်ကို ဖွင့်လှစ်ပြီး မိဘအုပ်ထိန်းသူများအဖွဲ့(၁၁)က သားငယ်သမီးငယ် ၁၁၅ ဦးအား ထမင်းဘူး၊ လက်ဆွဲခြင်း၊ ရောင်စုံခဲတံ၊ ရောင်ခြယ်စာအုပ်၊ ဦးထုပ်၊ ရေပြွတ်၊ ရေခွက်စသည့် လက်ဆောင်ပစ္စည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကျင်းပ

**ကော့သောင်း ဖေဖော်ဝါရီ ၁၃**

ကော့သောင်းမြို့၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ကော့သောင်းမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က မြန်မာနိုင်ငံ ကလေးများနေ့ဖြစ်ပေါ်လာပုံနှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ မူလတန်းကြိုကျောင်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော့သောင်းမူလတန်းကြိုကျောင်း၊ ဌာန၏ မိခင်ဝိုင်းများဖြစ်သော ပုလုံးတုံတုံးကျေးရွာ၊ ဆယ်မိုင်ကျေးရွာ မိခင်ဝိုင်းများမှ ကလေးငယ်များက အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၌ ဆုရရှိကြသော ကလေးငယ်များအား ဆုချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## ရေစကြိုမြို့နယ်၌ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

**ရေစကြို ဖေဖော်ဝါရီ ၁၃**

ရေစကြိုမြို့နယ်တွင်(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ရေစကြိုမြို့ အထက(၁) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင် ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး အားကစားသမားဆုနှင့် ပထမဆုရရှိသည့် Yesagyo City FC အသင်း၊ ဒုတိယဆုရရှိသည့် B.L Dream Team FC အသင်း၊ တတိယဆုရရှိသည့် P.L FC အသင်းတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ကြိုက်နှစ်သက်သော ဘောလုံးအသင်း လေးသင်းအား ဘောလုံးအကျီများ လက်ဆောင်ပေးအပ်ပြီး အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသော မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေဇင်မို့(ရေစကြို)**



နေပြည်တော် တပ်ကုန်းမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါရပ်ကွက် မူလတန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ T– Sport အသင်းနှင့် ရွှေသင်္ဂါအသင်းတို့ ကွင်းဖွင့်ယှဉ်ပြိုင်ကစားစဉ်။
တင်စိုးလွင်(ပြန်/ဆက်)

## မိုးညှင်းမြို့၌ သုံးယောက်တွဲအမျိုးသားပိုက်ကျော်ခြင်းဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိုးညှင်း ဖေဖော်ဝါရီ ၁၃**

မိုးညှင်းမြို့တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ခရိုင်၊



မြို့နယ်ဌာနဆိုင်ရာများမှ သုံးယောက်တွဲ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က စုပေါင်းရုံးရှိ ကွင်းပြင်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အသင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်း ဗိုလ်စွဲခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိကြသည့် အသင်းများကို ဂုဏ်ပြုငွေသားဆုနှင့် ဆုဖလားဒိုင်းများ ချီးမြှင့်ခဲ့ကြသည်။

**ရွှေမိုးညှင်း**



## မိုးကောင်းမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိုးကောင်း ဖေဖော်ဝါရီ ၁၃**

မိုးကောင်းမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အရှေ့ရပ်ကွက်ရှိ အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

တတိယလုပွဲစဉ်အဖြစ် ဗဒင်အသင်းနှင့် နဂါးညီနောင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ဗဒင်အသင်းက အနိုင်ရပြီး ဗိုလ်လုပွဲစဉ်အဖြစ် MOVING FCအသင်းနှင့်မာနမင်းသားAအသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားကြရာ MOVING FC အသင်းက အနိုင်ရရှိသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် တက်ရောက်လာသူများက ပိုက်ကျော်ခြင်း ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် အသင်းတို့အား ဆုတံဆိပ်၊ ဆုကြေးငွေနှင့် လည်ဆွဲတို့ကို ချီးမြှင့်ကြသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

## ပခုက္ကူတက္ကသိုလ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၃**

ပခုက္ကူတက္ကသိုလ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါတက္ကသိုလ် ပင်မဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ပခုက္ကူတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်နှင့် တာဝန်ရှိသူများက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဘာသာရပ်ဌာနများအလိုက် ဈေးရောင်းပွဲတော်များကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အထူးပြုဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များက တေးသီချင်း အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် တေးသီချင်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဘာမီသာ(ပခုက္ကူ)**



## မိုင်းဆတ်မြို့၌ အမျိုးသားအလွတ်တန်း (ဖူဆယ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းဆတ် ဖေဖော်ဝါရီ ၁၃**

မိုင်းဆတ်မြို့ အောင်ဇေယျာဘက်စုံအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်း(ဖူဆယ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

ဦးစွာ ပထမဆုရရှိသော Second Family FC အသင်းအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက လည်းကောင်း၊ ဒုတိယဆုရရှိသော ဒိုမီနီယံ FC အသင်းအား အမှတ်(၁၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဦးစီး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်က လည်းကောင်း၊ တတိယဆုရရှိသော Lion FC အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်က လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော တောင်ပေါ်သား FC အသင်းအား မြို့မိမြို့ဖဦးစိုင်းမိုးဇော်ဦးက လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသော Second Family FC အသင်းက ကိုကျော်မင်းခန့်အား ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းခမ်းကျောက်က လည်းကောင်း၊ အကောင်းဆုံး ဂိုးသမားဆုရရှိသော Second Family FC အသင်းမှ ကိုမင်းထက်အား လားဟူယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးစောက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်၌ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ပင်လောင်း ဖေဖော်ဝါရီ ၁၃**

ပင်လောင်းမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။



ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲတွင် ပအိုဝ်းပေစတား ဘောလုံးအသင်းက နန်းထာကျေးရွာ ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရာ ရုံးဝင်းရပ်ကွက် ဘောလုံးအသင်းက ပင်လောင်းဒေသ ဘောလုံးအသင်းအား ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ဆုပေးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးရရှိသည့် ကစားသမားများနှင့် ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသည့် ဘောလုံးအသင်းများကို ဆွဲပြားဆုများ၊ ငွေသားဆုများ ပေးအပ်ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ခန့်ဇော်က ပထမဆုရရှိသည့် ရုံးဝင်းရပ်ကွက် ဘောလုံးအသင်းအား ဒိုင်းဆုပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အဖျောက်မြို့၌ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တိုက်ကြီး ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အဖျောက်မြို့၌ (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဖျောက်မြို့ ရေမင်းအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဗိုလ်လုပွဲကို ရင်ခုန်သံအသင်းနှင့် Warrior FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရင်ခုန်သံအသင်းက ပထမဆုကို ဆွတ်ခူးရရှိသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ပထမဆုရ ရင်ခုန်သံအသင်းကို လည်းကောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိုးဝင်းမောင်နှင့် တာဝန်ရှိသူများက အကောင်းဆုံးအားကစားသမားဆုများနှင့် ဒိုင်အဖြစ် ကူညီဆောင်ရွက်ခဲ့ကြသူများအားဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက ဒုတိယဆုရ Warrior FC အသင်းကို လည်းကောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝေက တတိယဆုရ Globel One Plus အသင်းကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**



## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးဟောပြော

**လားရှိုး ဖေဖော်ဝါရီ ၁၃**

လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် လားရှိုးမြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ လားရှိုးပညာရေးဒီဂရီကောလိပ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု အန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပွင့်ဖြူစင်မြင့်က မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး လားရှိုးမြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြဝင်းက မီးလောင်ကျွမ်းမှုဖြစ်စဉ်များနှင့် ပတ်သက်၍အသိပညာပေးဆွေးနွေးကာ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်တွင်းကြီး၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုနေ့အလံတင်အခမ်းအနား၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့် ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်အလံအား ဦးညွှတ်အလေးပြုခဲ့ကြသည်။

ထို့နောက် သဝဏ်လွှာဖတ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက ဖတ်ကြားသည်။

ဆက်လက်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများဖြစ်သည့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်သည်။

**နောင်နောင်**
**(ဗိုလ်သနိုးမြေ)**




## ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးထားသည့် ရုရှားနေကြာမျိုး စိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံခြံစိုက်ခင်း ၁၅ ဧကတွင် စိုက်ပျိုးထားရှိသည့် ရုရှားနိုင်ငံမှ နေကြာမျိုးများဖြစ်သည့် MAKHAON, VULKAN နှင့် IPPOLIT မျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ရုရှားနေကြာမျိုး MAKHAON စိုက်ခင်းအတွင်း Collar Rot Disease (CRD)မှိုရောဂါ ကျရောက်သည့် နေကြာပင်များကို ကြည့်ရှုစစ်ဆေးကာ ကာကွယ်ကုသဆေးများ ဆောင်ရွက်ထားရှိမှု၊ ရောဂါပြန့်ပွားမှုများအား ထိန်းချုပ်ဆောင်ရွက်ထားမှု အခြေအနေများကိုစစ်ဆေးကာ နေကြာအဖူးအပွင့်များ စတင်ချိန်ဖြစ်သည့်အတွက် အစေ့အဆန်အောင်မြင်ပြီး အထွက်နှုန်း ကောင်းမွန်စေရန်အတွက် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲနှင့် ချိတ်ဆက်ကာ ပျားပုံးချထားခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီး ရာသီဥတုအခြေအနေများကို တွက်ဆ၍ သီးနှံဆုံးရှုံးပျက်စီးမှု မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## တိရစ္ဆာန်ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေး အသိပညာပေးဟောပြော

**တွံတေး ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မွေးမြူရေးဇုန်တွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါမွေးမြူရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိမ်းမော်က တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမင်းညွန့်ဦးက ဇီဝလုံခြုံမှုနှင့်လုပ်ဆောင်ရမည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ မွေးမြူရေးခြံများအတွက် လိုအပ်သော ခြံဖျန်းပိုးသတ်ဆေးများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက် အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၇ ဒီဂရီဖာရင်ဟိုက်မှ ၄၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၄၉ ဒီဂရီဖာရင်ဟိုက်မှ ၅၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ နေပြည်တော်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် (၅၅ ရာခိုင်နှုန်း)မှ (၆၅ ရာခိုင်နှုန်း)အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် (၆၆ ရာခိုင်နှုန်း)မှ (၇၅ ရာခိုင်နှုန်း) အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (၇၆ ရာခိုင်နှုန်း)မှ (၈၅ ရာခိုင်နှုန်း)အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၂၂ မီလီမီတာမှ ၃၂ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၃၃ မီလီမီတာမှ ၄၂ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၃ မီလီမီတာမှ ၅၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**







❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ခြင်းနှင့် အသိပညာပေး ဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနလေးခုတို့မှ ဝန်ထမ်းများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှအဖွဲ့ဝင် (၄၀) ပါဝင်သော ဆေးကုသရေးအဖွဲ့သည် နံနက် ၉ နာရီမှစတင်၍ ဝန်ထမ်းများအတွက် အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါဆိုင်ရာ စစ်ဆေးမှုများနှင့် ကုသပေးမှုများ ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပရာ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာဖြိုးသီဟက ကျန်းမာရေးဆိုင်ရာ အသိပညာများဟောပြောကာ ဝန်ထမ်းများ၏ ကျန်းမာရေးဆိုင်ရာ မေးမြန်းဆွေးနွေးမှုအပေါ် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၏ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်အလေးပြုခဲ့ကြသည်။

ဆက်လက်၍ ဝါရီရှခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က ဖတ်ကြားသည်။

ယင်းနောက် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူနှင့် ပေါင်မြို့နယ်မှ နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်နယ်ဂုဏ်ဆောင်၊ မြို့နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



# မအူပင်မြို့နယ်၌ ကျေးလက်လမ်းတံတား လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မအူပင် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မအူပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စည်ပင်ကုန်း - ဘုရားကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေလဲကလေး - မလောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား ယနေ့နံနက်ပိုင်းက ဦးကျော်ကျော်ထွေး အင်ဂျင်နီယာချုပ် (မြို့ပြ) မှ လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ၌ လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန်နှင့် အပြီးသတ်လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အပြီးသတ်စနစ်တကျဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အင်ဂျင်နီယာချုပ်(မြို့ပြ) မှ လုပ်ငန်းများအား အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် မှာကြားကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

ညောင်ဦးမြို့နယ် ကူကျေးရွာအုပ်စု ညောင်ဦး-ကျောက်ပန်းတောင်းလမ်းဘေးရှိ Asia Energy စက်သုံးဆီအရောင်းဆိုင်ကို ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြုလက်တွေ့သရုပ်ပြသ ငြိမ်းသတ်ခြင်း လေ့ကျင့်စဉ်။ ဝင်းထိန်



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာရှိ စက်သုံးဆီ အရောင်းဆိုင်များကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေးစဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



❑ *ကျော်ဖုံးမှ*

၈၅ မိနစ်တွင် အနီကတ်ပြ ထုတ်ပယ် ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဘာစီလိုနာအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း အသင်းကစားသမားများက သွင်းဂိုးအဖြစ် ပြောင်းနိုင်စွမ်းမရှိခဲ့ပေ။ ဘာစီလိုနာအသင်းသည် လူစားလဲမှုများပြုလုပ်ကာ ချေပဂိုးများ သွင်းယူနိုင်ရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် အက်သလက်တီကို မက်ဒရစ်အသင်းက လေးဂိုး ပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာနှင့်အက်သလက်တီကို မက်ဒရစ်အသင်းတို့၏ ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လာမည့် မတ်လ ၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူး ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁)ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❖ *ကျောဖုံးမှ*

များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်ကို လည်းကောင်း။

အလားတူ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ထီနဲ့ကျေးရွာအနီးတစ်ဝိုက်ရှိသီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၈ ဧကခန့်ကို လည်းကောင်း။

အလားတူ မိုင်းပျဉ်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းပျဉ်းမြို့နယ် တုံဝမ်း ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၂၁ ဧကခန့်ကိုလည်းကောင်း အသီးသီး ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။







ဆီးချိုသွေးချိုရောဂါရှင်များကျန်းမာဖို့
ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြပါစို့
ကာကွယ်ဆေး မထိုးနှံဖြစ်စေသော အကြောင်းအရင်းများ
- ရောဂါအခံရှိသောကြောင့် ကာကွယ်ဆေးထိုးနှံရမည်ကို ကြောက်ခြင်း
- မိမိသောက်နေကြဆေးများနှင့် ကာကွယ်ဆေး ဓာတ်မတည့်ဖြစ်မည်ကို ကြောက်ခြင်း
- ဆေးထိုးစုရပ်များသို့လာရောက်ရန်ခက်ခဲခြင်း
- ပတ်ဝန်းကျင်မှပြောသော သတင်းစကားအမှားများကြောင့် ကာကွယ်ဆေးမထိုးနှံခြင်း
- မိသားစုဝင်များမှ အသက်ကြီးသဖြင့် ကာကွယ်ဆေးထိုးနှံရန် မလိုအပ်ဟု ထင်မြင်၍ လာရောက်မထိုးပေးခြင်း
COVID-19
VACCINE
ကာကွယ်ဆေး ထိုးနှံသင့်သော အကြောင်းအရင်းများ
- ရောဂါအခံရှိသူချင်းအတူတူ ကာကွယ်ဆေးထိုးနှံထားသောသူက မထိုးထားသူထက် ကူးစက်နိုင်ခြေ ပိုမိုနည်းပါးခြင်း
- ကာကွယ်ဆေးထိုးနှံပြီးပါက ပုံမှန်သောက်နေကျဆေးဝါးများကို ဆက်လက်သောက်သုံးနိုင်ခြင်း
- ဆေးထိုးစုရပ်များသို့ အနီးအနားမှ ရောဂါရှင်များ စုစည်း၍ လာရောက်ထိုးနှံနိုင်ခြင်း
- သက်ကြီးရွယ်အိုများအနေဖြင့် ရောဂါခုခံအားနည်းသဖြင့် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ပိုမိုလိုအပ်ခြင်း
မိသားစုဝင်များအနေဖြင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ/ဆီးချိုသွေးချိုရောဂါရှိသူများအား ကာကွယ်ဆေးထိုးနှံမှု အကြိမ်ပြည့်ခံယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်ပါသည်


အရက်သောက်ခြင်းကြောင့်
ဖြစ်ပွားနိုင်သော နောက်ဆက်တွဲပြဿနာများ
အရက်သောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာရောဂါများ၊စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့် လူမှုရေးဆိုင်ရာပြဿနာများဖြစ်ပွားစေသည်သာမက ဖြတ်မရအောင် စွဲလမ်းစေတတ်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။
အရက်ကြောင့်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာရောဂါများ
အာရုံကြောများ အားနည်းခြင်း
ဦးနှောက်ကျုံ့ခြင်း၊ တက်ခြင်း
အစာအိမ်ရောင်ခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်း
သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ
ပန်းသေပန်းညှိုးဖြစ်ခြင်း
အာဟာရချို့တဲ့ခြင်း၊ ဗီတာမင်ဓါတ်များ ချို့တဲ့ခြင်း
သွေးတိုးရွှေဘာ
အရက်ကြောင့်ဖြစ်သော စိတ်ပိုင်းဆိုင်ရာပြဿနာများ
သံသယစိတ်လွန်ကဲခြင်း
အမှန်တကယ်မရှိသော အသံများကြားရခြင်း၊ မြင်ရခြင်း
စိုးရိမ်စိတ်လွန်ကဲခြင်း
စိတ်ဓါတ်ကျခြင်း
ကိုယ်ပိုင်အရည်အချင်းများ၊ ဆုံးဖြတ်ချက်များ ချို့ယွင်းလာခြင်း
မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း၊ သတ်သေခြင်း
ကိုယ်ပိုင်အရည်အချင်းများ ချို့ယွင်းလာခြင်း
အမှန်တကယ်မရှိသော အသံများ ကြားရခြင်း၊ မြင်ရခြင်း
အရက်ကြောင့်ဖြစ်သော လူမှုရေးပြဿနာများ
မိသားစု၊ သူငယ်ချင်းများနှင့် အဆင်မပြေဖြစ်ခြင်း
ပညာရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်စေခြင်း၊
ယာဉ်မတော်တဆမှုများဖြစ်နိုင်ခြင်း
အိမ်ထောင်ရေးအဆင်မပြေဖြစ်ခြင်း
မိသားစု စိတ်ဖိစီးခြင်း
ကလေးငယ်များ စိတ်ဒဏ်ရာရခြင်း
အိမ်ထောင်ပြိုကွဲသည်အထိ ဖြစ်နိုင်ခြင်း
အရက်သောက်ခြင်းကို အစမပြုမိစေရန်လိုအပ်ပါသည်။
အရက်ဖြတ်လိုပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံးသွားရောက် တိုင်ပင်ဆွေးနွေးပါ။


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူပြီးသော်လည်း
ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ
ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကိုအကြိမ်ပြည့်မပျက်မကွက်ခံယူပါ၊
ကိုဗစ်-၁၉ရောဂါကို မိမိကစ၍ ဆက်လက်ကာကွယ်ပါ
တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ
ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ပါ
ပြတင်းပေါက်များကို ဖွင့်ထားပါ။
လက်ကို စက္ကန့်(၂၀)ကြာ ဆေးကြောပါ
အိမ်မှာနေပါ
လူစုလူဝေး ရှောင်ပါ
သံသယလက္ခဏာခံစားရလျှင် ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ပါ
ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့်
ကာကွယ်ရေးနည်းလမ်းများကိုလိုက်နာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ-
၁။ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်ခြင်း
၂။ အခြားသူများကို ကာကွယ်နိုင်ခြင်း
၃။ မျိုးဗီဇပြောင်းပိုးများ ကူးစက်မှုမှ ကာကွယ်နိုင်ခြင်း
၄။ ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း
၅။ ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်တာဝန်ပိမှုကို လျှော့ချနိုင်ခြင်း
"ကိုဗစ်-၁၉ကို ရပ်တန့်ဖို့ ရောဂါကာကွယ်ရေးနည်းလမ်းများကို အားလုံးဆက်လက်လိုက်နာကြပါစို့"


နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာ
(Plate Model for Balanced Diet)
ထမင်းစားပန်းကန်၏ မျက်နှာပြင်ကို လေးပိုင်းခွဲပါ။
လေးပုံတစ်ပုံတွင် ကစီဓာတ်ပါသော အစားအစာများကို ထည့်ပါ။
(ဥပမာ-ထမင်း၊ ကြာဇံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာ၊မုန့်ဟင်းခါး၊မုန့်ဖတ်၊ ...စသည်)
ကျန်တစ်ပုံတွင် အသားဓာတ်ပါသော အစားအစာ၊ (ဥပမာ- အသား၊ ငါး၊ ပဲ၊ ဥ အမျိုးမျိုး) များကို ထည့်ပါ။
ကျန်နှစ်ပုံ (သို့မဟုတ်) ထမင်းစားပန်းကန်၏ ဧရိယာထက်ဝက်တွင် ဟင်းသီးဟင်းရွက် အစုံအလင်ထည့်ပါ။
အသင့်အတင့်စားပါ
(အသားဓါတ်ပါသော အစာများအား ၁/၄ စားသုံးပါ)
များများစားပါ
(အသီးအရွက်များအား တစ်ဝက်ခန့် စားသုံးပါ)
ဟင်းသီးဟင်းရွက်များ
လျှော့စားပါ
(ကစီဓါတ်ပါသော အစာများအား ၁/၄ စားသုံးပါ)
ကစီဓာတ်ပါဝင်သော အစားအစာများ
(ဥပမာ-ထမင်း)
ရေဆာလျှင် ရေကိုသာသောက်ပါ၊ အချိုရည် မသောက်ပါနှင့်၊ အစားအစာ ပုံမှန်ပမာဏကို သင့်တင့်မျှတစွာဖြင့် အချိန်မှန်စားပါ၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပုံမှန်လုပ်ပါ၊
ဆေးလိပ်၊ ဆေးရွက်ကြီး/ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ပါ၊
ဆေးလိပ်
ကွမ်းယာ
မူးယစ်ဆေး
အရက်

# လျှင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်




## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီလွှာဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။



# လှည်းကူးမြို့နယ်လုံးဆိုင်ရာ ပဌမအကြိမ် စူဠဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပ

**လှည်းကူး ဖေဖော်ဝါရီ ၁၃**

လှည်းကူးခရိုင်သာသနာရေး ဦးစီးဌာနက ကျင်းပသော သာသနာတော် ဆိုင်ရာ ပရိယတ္တိစာမေးပွဲ အသီးသီး တွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်အရှင်သူမြတ်များအား မြို့နယ် သံဃနာယက ဆရာတော်ကြီးများ ဦးဆောင်၍ မြို့နယ်လုံးဆိုင်ရာ ပဌမအကြိမ် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက နိဗ္ဗာန်ဆိပ်ဦးဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်းရှိ ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လှည်းကူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ဝိနည်းရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂဓရ နှစ်ပါး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အစိုးရ၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲတွင် ဖြေဆို အောင်မြင်တော်မူခဲ့ကြသည့် ပထမကြီးတန်း ၂၅ ပါး၊ ပထမလတ်တန်း ၃၈ ပါး၊ ပထမငယ်တန်း ၁၀၈ ပါး၊ အခြေပြု မူလတန်း ၃၄၁ ပါး စုစုပေါင်း ၅၁၇ ပါး တို့အား စာအောင်လက်မှတ်နှင့် စာအောင်ဆုများကို တာဝန်ရှိသူများက ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## ၁၃-၂-၂၀၂၆ ရက်နေ့ ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၁ ဒသမ ဝ | ၃၃ ဒသမ ၈ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၅ ဒသမ ၃ | ၄၁ ဒသမ ၅ |
| ဟဲဟိုးမြို့ | ၅ ဒသမ ၄ | ၄၁ ဒသမ ၇ |
| မိုင်းယန်းမြို့ | ၅ ဒသမ ၅ | ၄၁ ဒသမ ၉ |
| လွိုင်လင်မြို့ | ၅ ဒသမ ၆ | ၄၂ ဒသမ ၁ |
| တီးတိန်မြို့ | ၅ ဒသမ ၇ | ၄၂ ဒသမ ၃ |
| ပင်လောင်းမြို့ | ၇ ဒသမ ၂ | ၄၅ ဒသမ ဝ |
| လားရှိုးမြို့ | ၇ ဒသမ ၇ | ၄၅ ဒသမ ၉ |
| သီပေါမြို့ | ၇ ဒသမ ၈ | ၄၆ ဒသမ ဝ |
| ပူတာအိုမြို့နှင့် မချမ်းဘောမြို့ | ၉ ဒသမ ဝ | ၄၈ ဒသမ ၂ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ငြိမ်းအောင်လမ်း၊ အမှတ် (၉/၁၁၆)၊ အကျယ်အဝန်း (၇၈ပေ ၁၀လက်မ × ၇၈ပေ ၆လက်မ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်စန်း (၁၂/ပဘတ (နိုင်) ဝဝ၄၆၇၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးစံထိုက်မောင် (၁၂/မဂတ (နိုင်) ဝ၁၃၆၃၅)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

ဝ၉ ၅၅ဝ ၆၁၄၆ ၊ ဝ၉ ၄၅၅၅ဝ ၆၁၄၆

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ထင်ဇင်(ရွာမ) ကျေးရွာနေ မောင်ကောင်းသုဟိန်း၏ မိခင် ဒေါ်အဲစုဝင်း၏ အမည်မှန်မှာ ဒေါ်စုစုဝင်း ၅/ခပန(နိုင်)ဝ၁ဝ၁၆၄ ဖြစ်ပါကြောင်း။ **ဒေါ်စုစုဝင်း**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား (၁ဝ) ရပ်ကွက်နေ မလျှင်နေဟွိုင်၏မိခင် ဒေါ်လမ်းဟတ်ယာကျင်၏ အမည်မှန်မှာ ဒေါ်လမ်းဇဟတ်ကျိုန် ၅/တမန(နိုင်) ဝ၇၁၉၆၉ ဖြစ်ပါကြောင်း။

**ဒေါ်လမ်းဇဟတ်ကျိုန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁ဝ/မြောက်ရပ်ကွက်၊ ရတနာပုံ ၂ လမ်း၊ တိုက်အမှတ် ၁၅၆/က ဟု ခေါ်တွင်သည့် ၁ ခန်းတည်း (၅)ထပ်ခွဲ တိုက်၏ စတုတ္ထထပ်(၅)လွှာ၊ အကျယ်(၁၈' x ၅၄')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဒေါ်ဝသုန်ဖြိုး ၁၄/ပသန(နိုင်)၂ဝ၇၇၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသည့် ဦးလင်းထက်အောင် ၁ဝ/ခဆန(နိုင်)၁၂၇ဝ၆၁နှင့် ဒေါ်ဆုမြတ်ဖူး ၁ဝ/ရမန(နိုင်) ၁၇၈ဝ၈၄ သည် (Home Loan) စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို တိုက်ခန်းအရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇ဝ၅)**
**အမှတ် ၁၇၄/ခ၊ ဗေဒါလမ်း၊ (၁၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ဝ၉-၇၇၁၉၇၁ဝ၆၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃/၅၅၊ (သမိုင်း)၊ မြေကွက်အမှတ် ၇/ခ၆ ၊ ၁/ခ၃ ဧရိယာအားဖြင့် (ဝ.၁၄ဝ) ဧက၊ (ဝ.၁၃ဝ) ဧကရှိ မြေပိုင်မြေကွက် (၂) ကွက်နှင့် ယင်းမြေကွက် (၂) ကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊တေးနုယဉ်လမ်း၊ အမှတ် ၄၅ စီ ဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ပေးကမ်းသူ ဒေါ်ခင်မာမာ (၁၂/ဗဟန(နိုင်)ဝ၃၈၉၇၂) မှ ပိုင်ဆိုင်အမည်ပေါက်ပြီး သားအရင်းဖြစ်သူ ဦးဖြိုးဝေ (၁၂/ဗဟန(နိုင်)ဝ၃၈၃၉၄) အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ အဆိုပါမြေနှင့် အဆောက်အအုံတို့ကို ပေးကမ်းခြင်း၊ လက်ခံယူသူမှ တရားဝင်ပိုင်ဆိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေနှင့် အဆောက်အအုံအား မေတ္တာဖြင့် အပိုင် ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁ဝ)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးအောင်ကျော်မိုး LLB. DBL DML**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၁၉ဝ/၁၉၈၅)**
**အမှတ် ၁၅-ဇ၊ မာလာမြိုင်လမ်း၊ (၁၆) ရပ်ကွက်၊**
**ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6330, Mitsubishi Canter-FE70DB, Truck (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၂/ဗဟန(နိုင်) ဝ၈၈၅၈၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/2668, Hyundai Porter II ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၁၄/နေဖ(နိုင်) ဝ၅၉၄၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်) (မအူပင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 48W/11010, Honda Click -125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းညွန့် ၁၄/မအပ(နိုင်) ဝ၁၈၉၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/39654 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိစံ ၇/တငန(နိုင်)၁၈၆၇၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာအုပ်စု၊ ဝဲကျွန်းကျေးရွာနေ၊ ဦးမောင်မောင်နိုင် ၆/ကစန(နိုင်)၁ဝဝ၅၃၇နှင့် ဒေါ်သိင်္ဂီ ၆/ကစန(နိုင်)၁၁၇၂၈၃ တို့၏သမီးဖြစ်သူ မဝါဝါယုယနိုင်(ခ)မယုယငယ် ၆/ကစန(နိုင်)၁၄၆၉၉၄ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိ မိဘများအား စိတ်ဆင်းရဲစေမည့်ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သို့သောကိစ္စမျိုးကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးမောင်မောင်နိုင်၊ ဒေါ်သိင်္ဂီ**

## လှိုင်ကော်တက္ကသိုလ် (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင် နေ့သင်တန်း နှင့် အဝေးသင် သင်တန်းကျင်းပမည့် အစီအစဉ်ကြေညာချက်

လှိုင်ကော်တက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**ကျင်းပမည့်ရက်** ၂၇-၂-၂၀၂၆ ရက်နေ့မှ ၁-၃-၂၀၂၆ ရက်နေ့အထိ

(က) **နေ့သင်တန်း ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၈-၂-၂၀၂၆ ရက်နေ့ (စနေနေ့) နံနက် (၁၀ : ၀၀) နာရီ**

- ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့) (အင်္ဂလိပ်စာ၊ သင်္ချာ၊ သတ္တဗေဒ)
- သိပ္ပံ(ဂုဏ်ထူးဘွဲ့) (ဓာတုဗေဒ၊ ရူပဗေဒ၊ ဘူမိဗေဒ)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)

*** **နေ့သင်တန်း အစမ်းလေ့ကျင့်ရက် ၂၇-၂-၂၀၂၆ ရက်နေ့ (သောကြာနေ့) နံနက် (၁၀ :၀၀)နာရီ**

(ခ) **အဝေးသင် သင်တန်း ဘွဲ့နှင်းသဘင် အခမ်းအနားကို ၁-၃-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)နံနက်ပိုင်း အစီအစဉ် နံနက်(၁၀:၀၀)နာရီ (၂၀၁၉၊ ၂၀၂၀-၂၀၂၂၊ ၂၀၂၃ ပညာသင်နှစ်)**

- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊စိတ်ပညာ၊စီးပွားရေးပညာ၊ စီးပွားစီမံ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)

*** **အဝေးသင် သင်တန်း အစမ်းလေ့ကျင့်ရက် ၂၇-၂-၂၀၂၆ ရက်နေ့ (သောကြာနေ့) နံနက် (၁၀ : ၀၀)နာရီ**

(ဂ) **အဝေးသင် သင်တန်း ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁-၃-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ(၂:၀၀)နာရီ (၂၀၂၅ ပညာသင်နှစ်)**

- ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ)
- ဥပဒေဘွဲ့ (ဥပဒေပညာ)

*** **အဝေးသင် သင်တန်း အစမ်းလေ့ကျင့်ရက် ၂၇-၂-၂၀၂၆ ရက်နေ့ (သောကြာနေ့) မွန်းလွဲ (၂ :၀၀)နာရီ**

(၁) ဘွဲ့တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားကို မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြရမည်။
(၂) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ (မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှု မျိုးဖြင့် လုံးဝ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)
(၃) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ် များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။
(၄) ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့ဝတ်စုံငှားရမ်းခြင်းကို (၂၃.၂.၂၀၂၆ မှ ၂၆.၂.၂၀၂၆) ရက်နေ့တို့တွင် လှိုင်ကော်တက္ကသိုလ် Theatre Room ၌ နေ့စဉ် နံနက် (၁၀:၀၀)နာရီတွင် စတင်ထုတ်ပေးသွားပါမည်။ ဘွဲ့ဝတ်စုံလာရောက်ထုတ်ယူပါက နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ပါတည်းယူဆောင်လာကြရမည်ဖြစ်ပါသည်။

**(အေးအေးနွယ်၊ မော်ကွန်းထိန်း)**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**လှိုင်ကော်တက္ကသိုလ်**

## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/5598 ၏ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ စ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သရက်ညိုကုန်း၊ မရမ်းတလင်းကွင်း၊ ကွင်းအမှတ်- ၅၈၉၊ ဦးပိုင်အမှတ်- (N/၃၂)၊ ဧရိယာ(ဝ. ၁၄) ဧက၊ အလျား(အရှေ့မျက်နှာစာ- ၆၅ x အနောက်- ၄၇)ပေ x အနံ (ခေါင်းရင်း- ၁၂၁)x (ခြေရင်း- ၉၄)ပေရှိ အမွေဆိုင်မြေကွက်အား မှော်ဘီမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- ၂၀/ ၂၀၁၆ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် (၈-၁-၂၀၂၆) ရက်က တရားရုံးတော်မှ အမွေဆိုင်များအားလုံး အပေါ် အထက်ပါ မြေဧရိယာအတိုင်း အပြီးသတ်ဒီကရီအမိန့် ချမှတ်ပေးပြီးဖြစ်၍ အမွေဆိုင်များအားလုံးတန်းတူ အချိုးကျအမွေပုံဝေစုကို သဘောတူညီနိုင်းရယူပြီးဖြစ်၍ မိမိတို့ အမွေဆိုင်မြေအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ၏ မြေပိုမပါဝင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင် (၁၂/မဘန(နိုင်)ဝ၇၇၈၉ဝ) ဒေါ်စောမြိုင်(၁၂/မဘန(နိုင်)ဝ၅၅၁၃၉)**
**ဦးကျော်လင်းဦး (၁၂/မဘန(နိုင်)ဝ၈၂၅ဝ၄)ဒေါ်ပြုံးကြည်(၁၂/မဘန(နိုင်)ဝ၁၄၆၇ဝ)**
**ဦးမျိုးမောင်မောင်နိုင်(၁၂/မဘန(နိုင်)၁၁၆၉၅၉)**
**ဒေါ်ဝင်းစန္ဒာ(၁၂/မဘန(နိုင်) ၁၆၈၂၄၅) ဦးရဲထက်လွင် (၈/တတက(နိုင်)၂၆၂၇၇၁)**
**(အမွေဆိုင်များ)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမြင့် (စဉ်-၁၂၆၁၄) ဖုန်း-ဝ၉-၄၂၁ဝ၃၄၆ဝ၅**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်၃၉(င)၊ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ် (၂၆ဝ/၉၃-၉၄)၊မြေဧရိယာ ဝ ဒသမ ဝ၅၅ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၄/၂ဝ၂၅-၂ဝ၂၆ အရ ဒေါ်အေးအေးသွယ်ပါ (၇)ဦး အမည်ဖြင့်ရရှိခဲ့ပြီး ဒေါ်အေးအေးသွယ် ပါ(၆)ဦးတို့မှ ဒေါ်သန်းသန်းအေးအား စွန့်လွှတ်စာချုပ်အမှတ်(၂၄၇/၂ဝ၂၅)စွန့်လွှတ်ပေးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းအေး ၆/မအရ(နိုင်)ဝ၁၁၄၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃ဝ အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း (၃၉) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**(သီးခြားဖိတ်စာမပို့ပါ)**

**ကျင်းပမည့်ရက်** - ၂၂-၂-၂၀၂၆ရက်(တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် (၈:၀၀)နာရီ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း။ နံနက် (၉:၀၀) နာရီ အစည်းအဝေး စတင်ကျင်းပခြင်း။

**ကျင်းပမည့်နေရာ** - အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ (၄၉)လမ်း၊ ဗိုလ်တထောင်မြို့နယ်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ အကွက်အမှတ် (၄၉၂-င)၊ ဦးပိုင်အမှတ် ၂၄၊ ၂၅၊ ၂၆၊ ၂၇ (ခဲစင်း)၊ ၂၅ လမ်းနှင့် ငါးလုပ်ငန်းဦးစီးဌာနကြား၊ ၅၃ လမ်း x မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်မြင့်မြင့်မာ ၉/မနတ(နိုင်)၀၁၄၈၀၇ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၅)၊ ဦးပိုင်အမှတ် (၈၀)၊ ၄၆ x ၄၇ကြား၊ ၁၀၇ x ၁၀၈ ကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့် (WMDY-၂၇၈၅၀၂) ၉/မနတ(နိုင်)၀၈၂၄၇၄ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၁၆/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဝင်း ၁၃/လရန(နိုင်)၀၀၂၄၀၁ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (မမ-၂၄)၊ ဦးပိုင်အမှတ် (၁၁၄)၊ ၄၄ x ၄၅ ကြား၊ ၁၁၇.C လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းဝင်းမော် ၁၃/ဖခန(နိုင်)၀၀၈၄၄၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၅) ရပ်ကွက်၊ အကွက်အမှတ် (က-၁)၊ ဦးပိုင်အမှတ် (၁)၊ ၁၁၀ လမ်း၊ ၇၃ x ၇၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေသူဟန် ၁၃/ကခန(နိုင်)၀၈၃၅၄၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/15057 Stream II ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/5123 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ N C X Myanmar Co.,Ltd က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂

ဒေါ်ကွေဖန် (ခ) ဒေါ်ယဉ်ယဉ်ဆွေ **နှင့်** ဦးစိန်ထွန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် (၁၃/၁၅) နေ ဦးစိန်ထွန်း (ဘ) ဦးညီပု (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ကွေဖန်(ခ)ဒေါ်ယဉ်ယဉ်ဆွေ က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ပေ(၃၀x၄၀)အကျယ်အဝန်းနှင့် ပတ်သက်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊ မြေကွက်အမှတ်-၁၇၀၅၊ မြေအကျယ် ပေ(၄၀x၆၀)ရှိ ဦးသန်းဦး အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇော်မင်း ၇/ကပက(နိုင်)၁၂၉၈၁၄ ထံမှ ဝယ်ယူရန်အတွက် ကျွန်တော်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်တော့်ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှိုင်ဘွား (LL.B)** | **ဒေါ်မေသိင်္ဂီလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၁၃၀/၂၀၁၂** | **စဉ်-၁၅၇၃၄/၂၀၁၉** |
| **ဖုန်း-၀၉ ၈၉၂၇၅၅၀၁၂** | **ဖုန်း-၀၉ ၇၉၆၈၃၄၇၃၄** |

**အမှတ်-၄၇၅၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ) ရပ်ကွက်၊ အကွက်အမှတ်(နန-၂၁)၊ ဦးပိုင်အမှတ် (၆၆-ခ)၊ ၆၆ x ၆၇ ကြား၊ ၁၃၂ x ၁၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းတင် ၉/ပသက(နိုင်) ၀၄၄၆၂၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်အမှတ်(၂၀-စ)၊ ၄၁x၄၂ကြား၊ ၈၃x၈၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကျော်ဝင်းမောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၂၀၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခိုင်ခက်ခက်စိန် ၁၃/ဖခန(နိုင်)၀၀၀၀၆၂ က အမှုတွဲအမှတ် (၀၅၄၅/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်အမှတ်(၂၀-ဆ)၊ ၄၁x၄၂ကြား၊ ၈၃x၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်ဝင်းမောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၂၀၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခိုင်ခက်ခက်စိန် ၁၃/ဖခန (နိုင်)၀၀၀၀၆၂ က အမှုတွဲအမှတ် (၀၅၄၆/ဘ(ပြောင်း)/ ၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများ ဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၄၃၀(ဆ) အရ ကင်းလွတ်ခွင့်ပြုပါရန်လျှောက်ထားသည့်အပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၇

YUAN HUA INTERNATIONAL TRADING COMPANY LIMITED (၎င်းကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာ ဦးဝင်းအောင်) — လျှောက်ထားသူ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၃ လမ်း၊ ၁၁၆ လမ်းနှင့် ၁၁၇ လမ်းကြားတွင် ဖွင့်လှစ်ထားသည့် YUAN HUA INTERNATIONAL TRADING COMPANY LIMITED (၎င်းကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာ ဦးဝင်းအောင်) မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ Myanmar Companies Online (MyCO) စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ တင်ပြရန်ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် (၁) ရက်) နံနက် ၁၀:၀၀ နာရီတွင် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ လွှဲအပ်ထားသည့် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါကင်းလွတ်ခွင့်လျှောက်ထားချက်အား ရသင့်/မသင့်ကို ကြားနာ၍ ကင်းလွတ်ခွင့်ပြု သင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင်ဤရုံးတော်ကဆိုခဲ့သော YUAN HUA INTERNATIONAL TRADING COMPANY LIMITED (၎င်းကုမ္ပဏီ၏ တာဝန်ပေးအပ်ခြင်းခံရသူ ဒါရိုက်တာ ဦးဝင်းအောင်)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရုံးသာကျေးရွာနေ ဒေါ်နာထော (၉/မရမ(နိုင်)၀၃၆၉၄၁)သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရုံးသာကျေးရွာနေ ဦးထွန်းထွန်းဦး (၁၄/အဂပ(နိုင်)၁၃၃၂၄၈) အား ၂၀-၁၂-၂၀၁၉ရက်တွင် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းရုံး၌ လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၁၄)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်နိုင်ဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ**
**(စဉ်-၄၂၇၅၂/၃၀-၉-၂၀၁၃)**
**(၂/၄)ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၃၇၆၆၇၃၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံအမှတ်(၁၅၆)၊ လမ်းအမည် (Lane-4)၊ ခန့်မှန်းမြေဧရိယာ (၁၂၃၅) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ပိုးအိဖြူ (၁၂/မရက(နိုင်)၁၃၉၈၇၄)ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးစန်း ၁၂/သကတ(နိုင်)၁၂၃၉၃၄**
**ဖုန်း-၀၉-၂၅၆၀၄၂၁၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၃၅) ရပ်ကွက်၊ သန္တာ (၁) လမ်း၊ အမှတ် (၇၆၄) ဟု ခေါ်တွင်သည့် သုံးထပ်တိုက်နှင့်တကွ ယင်းတိုက်အိမ်တည်ရှိရာ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၅၊ မြေကွက်အမှတ် (၇၆၄)၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧက (သုည ဒသမ သုညငါးရှစ်ဧက)ရှိ နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစားမြေကွက်တို့ကို ရန်ကုန်မြို့ မြေစာရင်းမှတ်တမ်းတွင် ဒေါ်ကြည်ဖြူဇော် ၁၂/လမန(နိုင်) ၁၂၇၅၁၅ အမည်ဖြင့် မှတ်သားထားရှိပါသည်။

ဦးဗိုလ်ဇာမောင် (ဘ) ဦးခင်မောင်ထွေး ၁၂/ကမတ(နိုင်)၀၁၅၃၃၄ မှ အမည်ပေါက် ဒေါ်ကြည်ဖြူဇော်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်စာချုပ်အမှတ် ၁၀၀၂၈/၂၀၂၅ ဖြင့် ဝယ်ယူလက်ရောက်ရရှိထားကြောင်း မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ဝန်ခံပြောကြားရောင်းချသဖြင့် ကျွန်ုပ်၏အမှုသည်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။

သို့ပါ၍ ယခုအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော စာမှတ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းစိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၀၃)**
**အမှတ် ၁၁၊ ပဏ္ဍိတလမ်း၊ အမှတ် ၇ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၅၁၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ) ဦးဝင်းမောင်၏ သမီး မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အထက ပလစ(၂)မှ မူလတန်းပြဆရာမ ဒေါ်နန်းသန်းသန်းဦး(ခ) ဒေါ်သန်းသန်းဦး ၁၃/ကမန(နိုင်) ၀၉၅၉၄၀သည် (တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ) တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်နန်းသန်းသန်းဦး(ခ)**
**ဒေါ်သန်းသန်းဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/6736 ယာဉ်အမည်ပေါက်သူ Pyae Phyo Aung Co.,Ltd မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန၊**
**ခရိုင်ရုံး(မြင်းခြံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/2945 ယာဉ်အမည်ပေါက်သူ ဦးကျော်လင်း ၉/တသန (နိုင်) ၁၈၀၄၃၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန၊**
**ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/86048 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီမာကျော်၁၄/ပသန (နိုင်)၁၈၀၃၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် (၆၄၅)၊ ဦးပိုင်အမှတ် (၂၅-ဆ)၊ ၇၉(A)လမ်း၊ ၃၅x၃၆လမ်းကြားရှိ ဦးအောင်သန်း ၊ ဒေါ်မြကြည် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၄၃၃၄/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်တင်တင်သန်း(ခ)ဒေါ်တူး၏ (GP ရရှိသူ ဦးစည်သူကျော်)၊ ဦးခင်မောင်ကျော်၊ ဦးခင်မောင်တိုး၊ ဒေါ်အေးအေးသန်း၊ ဦးသာထွန်းအောင်၊ ဒေါ်ထွေးထွေးတို့ထံမှ အမွေဆက်ခံ စာချုပ်အမှတ် (၂၄၂၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်တင်တင်သန်း(ခ) ဒေါ်တူး၏(SPရရှိသူ ဒေါ်ဝင့်မွန်အောင်)၊ ဦးခင်မောင်ကျော်၊ ဦးခင်မောင်တိုး၊ ဒေါ်အေးအေးသန်း၊ ဦးသာထွန်းအောင်တို့(၅)ဦးအနက် ဒေါ်တင်တင်သန်း (ခ)ဒေါ်တူး ပါ(၄)ဦးထံမှ စွန့်လွှတ်စာချုပ် အမှတ် (၃၆၀၃/၂၀၂၅)ဖြင့် ဆက်ခံခဲ့သူ ဦးသာထွန်းအောင် ၉/မရတ(နိုင်) ၀၁၁၂၃၃ က အမှုတွဲအမှတ် (၀၅၄၄/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ပခုက္ကူခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၈

ကမ္ဘောဇဘဏ်လီမိတက်၊ ပခုက္ကူဘဏ်ခွဲ၊ (၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ဘဏ်ခွဲတာဝန်ခံမန်နေဂျာ ဦးမိုးဇော်ထွန်း) **နှင့်** ၁။ ဦးမြင်မင်းဆွေ ၂။ ဒေါ်စီစီမာ

**တရားလို** **တရားပြိုင်များ**

ပခုက္ကူမြို့၊ အမှတ် (၃) ရပ်ကွက်၊ သီရိမဟာလမ်းနေ (၁) တရားပြိုင် ဦးမြင်မင်းဆွေ၊ (၂) တရားပြိုင် ဒေါ်စီစီမာ (အတူနေလင်မယား)၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

